Agribiz News

www.agribiznews.com.mm

e-Paper-0016

၂၀၂၄ ခုနှစ် ဩဂုတ် ၁၅ ရက်



# အသားထုတ်လုပ်မှုမြှင့်တင်နိုင်ရန် တစ်နိုင်တစ်ပိုင်မွေးမြူရေးကဏ္ဍဖွံ့ဖြိုးရေး အားပေးဆောင်ရွက်ရန်လိုအပ်

နေပြည်တော်၊ ဩဂုတ် ၁၃

စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးနှင့်အတူ ဩဂုတ် ၁၃ ရက် နံနက်ပိုင်းတွင် တပ်ကုန်းမြို့နယ်၊ ရွှေမြို့ တိုးချဲ့မွေးမြူရေးဇုန်၌ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန က ဆောင်ရွက်လျက်ရှိသော ဘဲဥသားဖောက်စက်၊ ဘဲမွေးမြူရေးခြံ နှင့် ဒေသန္တာရမျိုးထိန်း မျိုးပွားခြံတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား ဘဲမွေးမြူရေးလုပ်ငန်းများဖွံ့ဖြိုးလာရေး နှင့် ဒေသန္တာရများ တိုးပွား ထိန်းသိမ်းရေး ဆိုင်ရာများ ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့အား ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွန်းဝင်း က တပ်ကုန်း-ရွှေမြို့ တိုးချဲ့မွေးမြူရေးဇုန်တွင် လုပ်ငန်းဆောင်ရွက်ထားရှိမှု နှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များ ၊ ဇီဝလုံခြုံမှုအဆင့်-၃၊ ရောဂါရှာဖွေရေးဓာတ်ခွဲခန်း တည်ဆောက်ရေးစီမံကိန်းအချက်အလက်များနှင့် လုပ်ငန်းစဉ်များ၊ ဘဲဥသားဖောက်စက်၏ လုပ်ငန်းစဉ်များနှင့် ဘဲသားပေါက်ထုတ်လုပ်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီး ကဆွေးနွေးမှာကြားရာတွင် နေပြည်တော် ကောင်စီနယ်မြေအတွင်း ဥစားဘဲ မွေးမြူရေးလုပ်ငန်းများ ပိုမိုတိုးချဲ့ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနပိုင် ဥဖောက်စင်များ စနစ်တကျ အဆင့်မြှင့်တင်ရွှေ့ပြောင်းကာ ဘဲသားပေါက်များ ထုတ်လုပ်ဖြန့်ဖြူးရောင်းချပေးနေမှုများကို ၂၀၂၄ ခုနှစ် ဇန်နဝါရီမှစ၍ ဆောင်ရွက်ခဲ့သော်လည်း မျှော်လင့်ထားသည့်အတိုင်း ဖြစ်မလာသေးကြောင်း၊ သတင်းစာများ၊ ဝက်ဘ်ဆိုက်များတွင်လည်း မကြာခဏ အသိပေးကြော်ငြာပေးနေသည့်တိုင် လုပ်ငန်းရှင်များ၊ အစု အဖွဲ့အစည်းများ အနေဖြင့် စိတ်ဝင်စားမှု နည်းနေကြောင်း၊ သို့ဖြစ်၍ မြို့နယ်အလိုက် ဦးစီးဌာန ဝန်ထမ်းများအနေဖြင့် မိမိတို့၏ ပတ်ဝန်းကျင်ရှိ ဒေသခံပြည်သူများအားလည်း တစ်နိုင်တစ်ပိုင် မွေးမြူရေးကို စည်းရုံးသွားကြစေလိုကြောင်း၊ ထိုသို့တဖြည်းဖြည်းစည်းရုံးခြင်းဖြင့် မွေးမြူ ဆောင်ရွက်ရာ၌ အကျိုးအမြတ်ရှိခြင်း၊ မိသားစုအတွက် အထောက်အကူဖြစ်ခြင်းတို့ကို မျက်မြင် သိရှိလာလျှင် စီးပွားဖြစ် တိုးချဲ့မွေးမြူမှုများ ရှိလာမည်ဖြစ်ကြောင်း၊ မိမိတို့ မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနအနေဖြင့် ပြည်သူလူထု စားရေရိက္ခာ ဖူလုံစေရေးကို တတ်နိုင်သည့် ဘက်ပေါင်းစုံမှ ကူညီ ပံ့ပိုးဆောင်ရွက်ပေးရမည်ဖြစ်၍ အလေးအနက်ထား ဆောင်ရွက်ရန် မှာကြားလိုကြောင်း၊ ထို့အပြင် ဝန်ထမ်းများအားလုံး နိုင်ငံတော်၏ကျေးဇူးသစ္စာကို စောင့်သိရိုသေပြီး နိုင်ငံ့ဝန်ထမ်း ကျင့်ဝတ်သိက္ခာနှင့်အညီ ပြုမူကျင့်ကြံဆောင်ရွက်ကြရန်၊ ဝန်ထမ်း အချင်းချင်း ရဲဘော် ရဲဘက် စိတ်ထား၍ စည်းလုံးညီညွတ်စွာဖြင့် တာဝန် ဝတ္တရားများ ကျေပွန်အောင်မြင်အောင် ကြိုးစားအားထုတ်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဘဲဥသားဖောက်စက် အလုပ်ရုံ ၊ ဘဲမွေးမြူရေးခြံနှင့် ဒေသန္တာရမျိုးထိန်း မျိုးပွားခြံ၊ ရွှေမြို့တိုးချဲ့မွေးမြူရေးဇုန်၌ ဆောင်ရွက်ပြီးစီးသည့် လှိုင်ပိတ်ဆည် တို့ကို ကြည့်ရှုစစ်ဆေးပြီး ဌာန မွေးမြူရေးခြံများအနေဖြင့် ရေ နှင့် အစာ တိုက်ကျွေးမှုစနစ် မှန်ကန်စေရေး၊ အစာခွက်များ ပုံမှန်သန့်ရှင်းရေး အပါအဝင် ဇီဝလုံခြုံမှုဆိုင်ရာ စံနမူ

စာ-၃ သို့

ကူးစက်မြန် လျှာနာခွာနာ.... စာ-၈

ငါးပုစွန်မွေးမြူရေးကဏ္ဍနှင့်အီးအမ်...... စာ-၁၄



# ဆီထွက်သီးနှံနှင့်အသားကဏ္ဍအပါအဝင် ဒေသတွင်းစားရေရိက္ခာပိုလျှံရေး ကြိုးပမ်း

နေပြည်တော်၊ ဩဂုတ် ၁၁

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနက ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးနှင့် စိုက်ပျိုးမွေးမြူရေးအခြေခံ လယ်ယာကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်ရေးအတွက် တောင်သူများ၏ လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေး ကြိုးပမ်းလျက်ရှိရာ ဩဂုတ် ၁၁ ရက်နေ့နံနက်ပိုင်းတွင် ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ သာယာကုန်းကျေးရွာအုပ်စု တောင်သူ ဦးဖြိုးအောင်၏ ဆီထွက်သီးနှံ မိုးမြေပဲစိုက်ပျိုးကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒေသခံ မိုးမြေပဲ စိုက် တောင်သူများနှင့် တွေ့ဆုံကာ ဒေသ၊ ရေ၊ မြေနှင့် ကိုက်ညီသည့် ဆီထွက်သီးနှံ မျိုးကောင်း မျိုးသန့်များ အသုံးပြုနိုင်ရေး၊ ပန်းတိုင်အထွက်နှုန်း ကျော်လွန်၍ တစ်ဧက ၈၅တင်း နှုန်းထွက်ရှိသည့် ပုဗ္ဗသီရိမြို့နယ်၏ အထွက်နှုန်းကို ဆက်လက် ထိန်းသိမ်းရေး၊သွင်းအားစု ဓာတ်မြေဩဇာများ အချိုးမှန်ကန်စွာ သုံးစွဲရေး၊ ခေတ်မီလယ်ယာသုံး စက်ကိရိယာများ အသုံးပြုလုပ်ကိုင်နိုင်ရေး၊ စိုက်ပျိုးမြေများကို ထိထိ ရောက်ရောက် အသုံးချကာ သီးထပ် သီးညှပ်များ တိုးမြှင့်စိုက်ပျိုးရေး၊ အရည်အသွေး မြင့်မားသည့် စိုက်ပျိုးရေး ထုတ်ကုန်များ တိုးတက်ထုတ်လုပ်ရေး၊ တစ်ပိုင်တစ်နိုင်နှင့် စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးလာရေး အတွက် ဌာန၊ တောင်သူနှင့် ပုဂ္ဂလိကတို့ ဟန်ချက်ညီ ပူးပေါင်းဆောင်ရွက်ကြရန် ဆွေးနွေးပြောကြားပြီး တောင်သူများအား ဟင်းသီးဟင်းရွက်မျိုးစေ့များ ပေးအပ်သည်။

၎င်းနောက် ဒုတိယဝန်ကြီးသည် တပ်ကုန်းမြို့နယ်၊ ကံကြီးမွေးမြူရေးဇုန် ရှိ Fun Hwa Co.,Ltd ၏ နို့စားနွား မွေးမြူရေးခြံ၌ ဒေသနွား နှင့် နို့စားနွား ကောင်ရေ(၂၀၀)ခန့် မွေးမြူထားရှိမှု၊ နို့နှင့် နို့ထွက်ပစ္စည်း ထုတ်လုပ်ဖြန့်ဖြူးနေမှု နှင့် Win Family Co.,Ltd၏ အသားတိုးနွားမွေးမြူရေးလုပ်ငန်းဆောင်ရွက်ရန် ပြင်ဆင်နေမှုကို ကြည့်ရှု စစ်ဆေးသည်။

ဆက်လက်၍ ရှင်းလင်းဆောင်တွင် ကံကြီးမွေးမြူရေးဇုန်အတွင်း မွေး မြူ ရေး လု ပ် င န်း ဆော င် ရွ က် လျက်ရှိသည့် မွေးမြူရေးလုပ်ငန်းရှင်များအား တွေ့ဆုံ၍ နေပြည်တော် ကော င် စီ န ယ် မြေ ၏ မွေး မြူ ရေး ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အသားကဏ္ဍတိုးတက် ထုတ်လုပ်နိုင်ရေး၊ ဇုန် အ တွ င်း သ တ် မှ တ် ကော င် ရေ ပြည့်မီအောင် မွေးမြူနိုင်ရေး၊ ပတ်ဝန်းကျင် သန့်ရှင်းရေး၊ လုပ်ငန်းခွင် ဆောင်ရွက်သူများ ကူးစက်ရောဂါ ကင်းစင်ရေး၊တစ်ကိုယ်ရည် သန့်ရှင်းရေး အလေးထား ဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေး မှာကြားသည်။

အလားတူ ဒုတိယဝန်ကြီးသည် တပ်ကုန်းမြို့နယ်၊ ရွှေမြို့အထူးမွေးမြူရေးဇုန်ရှိ မွေးမြူရေး သုတေသန

စာ-၃ သို့

# မော်လမြိုင်ကျွဲကောသီး စားသုံးမှုများပြားလာ ဈေးကွက်တွင် ရောင်းအားကောင်း

ရာသီပေါ် မော်လမြိုင်ကျွဲကောသီးများ စားသုံးမှု များပြားလာသည့်အတွက် ကျွဲကောသီး ရောင်းအားများ ကောင်းမွန်လျက်ရှိကြောင်း သစ်သီးဝလံဈေးကွက်မှ စုဆောင်းရရှိသည့် သတင်း အချက်အလက်များအရ သိရှိရပါသည်။ ကျွဲကောသီးရာသီအစပိုင်းတွင် ရောင်းအားကောင်းမွန်လျက် ရှိပြီး လာမည့်လများတွင် ကျွဲကောသီးဝင်ရောက်မှု ဆက်လက်မြင့်တက်ဖွယ်ရှိပါသည်။

ဇွန်လတွင် ကျွဲကောသီးများ စတင်ထွက်ရှိပြီး ယခုလ ဇူလိုင်လမှစ၍ လာမည့်လများအထိ ကျွဲကောခြံများအားလုံး ခူးဆွတ်နိုင်မည်ဖြစ်သည်။ လာမည့်လများတွင် ကျွဲကောသီး အများ အပြား ထွက်ရှိမည်ဖြစ်ပြီး တန်ခူးလတွင် ကျွဲကောသီး ထွက်ရှိသည့်ရာသီကုန်ဆုံးမည် ဖြစ်ပါသည်။ လူအများ ကြိုက်နှစ်သက်သည့်အတွက် ကျွဲကောသီး စားသုံးမှုများ မြင့်တက်လျက်ရှိကြောင်း ကျိုက်ထိုမြို့နယ်ရှိ လင်းပွင့်စံကျွဲကောရောင်းဝယ်ရေးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

မွန်ပြည်နယ်သည် ကျွဲကောသီးထွက်ရှိသည့် ဒေသတစ်ခုဖြစ်ပြီး ကျိုက်ထို၊ ဘီးလင်း၊ သထုံ၊ မော်လမြိုင်၊ မုဒုံ၊ ရေးနှင့် ခေါဇာမြို့နယ်တို့သည် မွန်ပြည်နယ်ရှိ မြို့နယ် ၁၀ မြို့နယ်မှ ထိပ်တန်းမြို့နယ်များ ဖြစ်ကြသည်။ မွန်ပြည်နယ်တွင် အဖြူနှင့် ပန်းရောင်ဟူ၍ ကျွဲကော နှစ်မျိုးရှိပြီး အဆိုပါမျိုးနှစ်မျိုးလုံးသည် အထွက်နှုန်းကောင်းပြီး ရောင်းအားလည်း ကောင်းသည်။

မော်လမြိုင်ကျွဲကောမျိုးများအပြင် ထိုင်းကျွဲကောသီးမျိုးများလည်းရှိပြီး ၎င်းမျိုးများသည် အခွံထူပြီး အရသာ သိပ်မကောင်းပါ။ အရောင်လည်း မလှသဖြင့် လူအများသည် ထိုင်းကျွဲကောသီးထက် မော်လမြိုင်ကျွဲကော်သီးကို ပိုမိုကြိုက်နှစ်သက်ကြပါသည်။ ထိုင်းကျွဲကောသီးများသည် ဈေးကြီးပြီး ပုံမှန်အားဖြင့် ကျွဲကောသီးများကို ကီလိုဖြင့် ရောင်းချကြသည်။ မော်လမြိုင်ကျွဲကော်သီးများသည် အရောင်းမျိုးစုံရှိကြောင်း ကျိုက်ထိုမြို့နယ်ရှိ လင်းပွင့်စံကျွဲကောသီးရောင်းဝယ်ရေးမှ တာဝန်ရှိသူ တစ်ဦးက ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

**နွေးနွေးအောင်**

https://www.gnlm.com.mm/consumption-of-seasonal-mawlamyine-pomelo-increasing-and-its-sales-strong-in-market/



# ဩဂုတ် ဒုတိယ ၁၀ ရက်ပတ် မိုးလေဝသအခြေအနေ



## ဘင်္ဂလားပင်လယ်အော်အခြေအနေ

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ် ဖြစ်ပေါ်နိုင်သည်။ အနောက် တောင် မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင် နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအနည်းငယ်မှ အားအသင့်အတင့် ရှိနိုင်သည်။

## မိုးအခြေအနေနှင့် မိုးရွာရက်

မိုးရွာသွန်းမှုအခြေအနေမှာ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင်ရွာသွန်းမြဲအောက်လျော့နည်းနိုင်ကာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်း ရွာနိုင်သည်။

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ခုနစ်ရက်မှ ၁၀ ရက်ခန့်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့်မကွေးတိုင်းဒေသကြီးတို့တွင် သုံးရက်မှခြောက်ရက်ခန့် မိုးထစ်ချုန်း ရွာနိုင်သည်။

## မြစ်ရေအခြေအနေ

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့နှင့် ညောင်ဦးမြို့တို့တွင် သုံးပေမှ လေးပေခန့်၊ ချောက်မြို့၊မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့ တို့တွင် တစ်ပေမှနှစ်ပေခန့် လက်ရှိရေမှတ်များအထက်မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် နှစ်ပေမှ သုံးပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက် လာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် တစ်ပေခန့်၊ ဒုဌဝတီမြစ်ရေသည် သီပေါမြို့၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် တစ်ပေမှ သုံးပေခန့်နှင့် တိုးမြစ်ရေသည် မအူပင်မြို့တွင် နှစ်ပေခန့် လက်ရှိ ရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့ တို့တွင် တစ်ပေမှ သုံးပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် နှစ်ပေခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့ နှင့် ပဲခူးမြို့တို့တွင် တစ်ပေမှ နှစ်ပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင်သုံးပေခန့်၊ သောင်ရင်း မြစ်ရေသည် မြဝတီမြို့တွင် တစ်ပေခန့်၊ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့ နှင့် ပုသိမ်မြို့တို့တွင် တစ်ပေမှ သုံးပေခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် တစ်ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင် သည်။

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန

Agribiz News www.agribiznews.com.mm သတင်း

တာဝန်ခံအယ်ဒီတာ
ထွန်းသက်ပိုင်

အယ်ဒီတာအဖွဲ့ဝင်များ
ကျော်သူနိုင်
ကိုရင်အောင်မိုး
ထက်ဝေအောင်(စစ်ကိုင်း)

ထုတ်ဝေသူ
ဦးအောင်ဖုံထွေး(မြဲ-၀၀၄၁၀)

လိပ်စာ
ရုံးအမှတ်(၄၃)
စိုက်ပျိုးရေး မွေးမြူရေးနှင့်
ဆည်မြောင်း ဝန်ကြီးဌာန
နေပြည်တော်
ဖုန်း ၀၆၇ ၃၄၁၀၁၄၂

စာ-၂ မှ

ဦးစီးဌာန၊ မွေးမြူရေးသုတေသန စခန်း (ရွှေမြို့) ကို ကြည့်ရှုစစ်ဆေးပြီး ဒေသနွားမများ ကို နို့စားနွားမျိုး အဖြစ် မျိုးမြှင့်သားစပ်၍ သားပေါက်နှုန်းနှင့် ကြီးထွားနှုန်း သုတေသနပြုခြင်း၊ ဒေသနှင့်ကိုက်ညီသည့် ထုတ်လုပ်မှုကောင်းမွန်သောဒေသအသားစား/ ဥစားကြက်မျိုးရရှိရေး မျိုးမြှင့်သားစပ်ခြင်း သုတေသနလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကာ သုတေသန တွေ့ရှိချက်များကို လက်တွေ့အသုံးချနည်းပညာအဖြစ် ပြောင်းလဲ၍ မွေးမြူသူ တောင်သူများ လက်ဝယ် အရောက် ဖြန့်ဖြူးပေးဝေရန် တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။

၎င်းနောက် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ (ရွှေမြို့) ဘဲဥဖောက်စက်နှင့် မျိုးဘဲဥ သိုလှောင်ခန်းများကို လည်းကောင်း၊ ဒေသနွားမျိုး ထိမ်းမျိုးပွားခြံနှင့်ဘဲမွေးမြူရေးခြံကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းဆိုင်ရာလိုအပ်ချက်များ ဆွေးနွေးမှာကြားခဲ့ကြောင်းသတင်းရရှိသည်။

MOALI

## ဇူလိုင်ကုန်အထိ မိုးစပါးဧက ၁၀ သန်းကျော်စိုက်ပျိုးပြီး

နေပြည်တော် ဩဂုတ် ၁၃

၂၀၂၄-၂၀၂၅ ခုနှစ်တွင် မိုးစပါးဧက ၁၅ သန်းကျော်၊ နွေစပါးဧက ၂ ဒသမ ၆ သန်းကျော် စုစုပေါင်း စပါးဧက ၁၇ ဒသမ ၆၈ သန်း စိုက်ပျိုးရန် လျာထားခဲ့ရာ ယခုဇူလိုင်လကုန်အထိ မိုးစပါး ၁၀ ဒသမ ၂၁ သန်း စိုက်ပျိုးပြီးဖြစ်ကြောင်း သိရှိရသည်။

အခြားမိုးသီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာ၊ နံ့စားပြောင်း၊ အစေ့ထုတ်ပြောင်း၊ ဝါ၊ ပဲမျိုးစုံကိုလည်း နိုင်ငံအနှံ့အပြားတွင် စုစုပေါင်း ဧက ၇ ဒသမ ၆၇ သန်း စိုက်ပျိုးပြီးဖြစ်သည်။

မိုးပဲမျိုးစုံအဖြစ် မတ်ပဲ၊ ပဲတီစိမ်း၊ ထောပတ်ပဲ၊ စွန်တာပြာ၊ ပဲပုပ်၊ ပဲလွမ်း၊ ပဲစင်းငုံ၊ ပဲနောက်နှင့် အခြားပဲများကို စိုက်ပျိုးကြပြီး ဇူလိုင်ကုန်ထိ ပဲတီစိမ်းဧက ၈ ဒသမ ၈၉ သိန်း၊ ပဲစင်းငုံဧက ၁ ဒသမ ၁ သန်းအပါအဝင် ပဲမျိုးစုံဧက စုစုပေါင်း ၂ ဒသမ ၂၇ သန်းစိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

TTP

ရှေ့ဖုံးမှ-

နာကောင်းပေးနိုင်ရေး အလေးထားဆောင်ရွက်ရန် တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ရန်ကုန် ရွာသာကြီးခြံ ရှိ ဘဲဥသားဖောက်စက် ၂ လုံး ၊ ပဲခူး ဘုရားကြီးခြံ ရှိ ဘဲဥသားဖောက်စက် ၄ လုံး ၊ နေပြည်တော် ရွှေမြို့ ခြံ ရှိ ဘဲဥသားဖောက်စက် ၅ လုံး တို့မှ သားပေါက်များ ထုတ်လုပ်၍ ဘဲမွေးလုပ်ငန်းရှင်များ၊ ဘဲမွေးတောင်သူများအား ဖြန့်ဖြူးပေးလျက်ရှိရာ ရွှေမြို့ တိုးချဲ့မွေးမြူရေးဇုန် ရှိ ဘဲဥသားဖောက်စက်မှ နှစ်စဉ် ဘဲသားပေါက် ကောင်ရေ ၃၆၂,၀၀၀ ကျော်ထုတ်လုပ်ပေးလျက်ရှိကြောင်း၊ ဘဲသားပေါက် အမတစ်ကောင်လျှင် ၁၂၀၀ ကျပ်နှုန်း၊ အထီးတစ်ကောင်လျှင် ၇၀ ကျပ်နှုန်းဖြင့် ရောင်းချပေးလျက်ရှိကြောင်း၊ ဘဲမွေးမြူလိုသူများ အနေဖြင့် အမှာစာများ ပေးပို့မှာကြားနိုင်ကြောင်း သတင်းရရှိသည်။ MOALI

# ၄၄ ကြိမ်မြောက် တောင်သူနည်းပညာ ဆွေးနွေးပွဲတွင် ရေမြုပ်ခံစပါးမျိုးများအကြောင်း ဆွေးနွေး



နေပြည်တော် ဩဂုတ် ၁၀

စိုက်ပျိုးရေးပညာရှင်များ၊ သုတေသီများနှင့် တောင်သူများ နီးနီးစပ်စပ်ထိတွေ့၍ ကဏ္ဍအလိုက် လုပ်ငန်းသဘာဝများကို အပြန်အလှန်သိရှိနားလည်နိုင်ကြသဖြင့် လယ်ယာကဏ္ဍဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ဟန်ချက်ညီပူးပေါင်းဆောင်ရွက်နိုင်စေရန် နေပြည်တော် ရေဆင်း စိုက်ပျိုးရေးသုတေသနဦးစီးဌာန၌ အပတ်စဉ် စနေနေ့တိုင်း တောင်သူနည်းပညာဆွေးနွေးပွဲကို ကျင်းပပြုလုပ်လျက်ရှိရာ ၄၄ ကြိမ်မြောက် ဆွေးနွေးပွဲသို့ စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ တင်ထွဋ်၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ စိုက်ပျိုးရေး ပညာရှင်များသုတေသီများနှင့် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်၊ နှင့် ဥတ္တရသီရိမြို့နယ်များမှ တောင်သူ ၄၀ ဦးတို့တက်ရောက်၍ ရေမြုပ်ခံစပါးမျိုးများအကြောင်း ခေါင်းစဉ်ဖြင့် ဆွေးနွေးခဲ့ကြပြီး တိုင်းဒေသကြီး ပြည်နယ်များ မှ လယ်ယာ ကဏ္ဍဆိုင်ရာတာဝန်ရှိသူများနှင့် တောင်သူစုစုပေါင်း (၁၀၅)ဦးတို့က အွန်လိုင်းစနစ်ဖြင့် ပါဝင်တက်ရောက် ဆွေးနွေးကြသည်။

ဆွေးနွေးပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန စပါးသီးနှံဌာနခွဲ ညွှန်ကြားရေးမှူး ဦးတိုးမင်း၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနသုတေသနအရာရှိ ဒေါက်တာချိုချိုအောင် က ရေမြုပ်ခံစပါးမျိုးများ နှင့်ပတ်သက်၍ လိုက်နာရန် အချက်များတင်ပြ ဆွေးနွေးကြပြီး တောင်သူများ၏ မေးမြန်းမှုများကို အသေးစိတ် ပြန်လည် ရှင်းလင်းဖြေကြားခဲ့ကြသည်။

၄၄ ကြိမ်မြောက် ကျင်းပသည့် တောင်သူနည်းပညာဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က ဆွေးနွေးပြောကြားရာ၌ ယခုကဲ့သို့ ရာသီဥတု ပြောင်းလဲသက်ရောက်မှု ကြုံတွေ့ရသည့် ကာလနှင့် ရေကြီးရေလွှမ်းမှု ကြုံတွေ့ရသည့် ကာလတွင် ရေမြုပ်ခံ စပါး မျိုးများ နှင့်ပတ်သက်၍ တောင်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိရန်နှင့် ရေမြုပ်ခံ စပါးမျိုးများကို တွင်ကျယ်စွာ အသုံးပြုနိုင်ရန် နည်းလမ်းမျိုးစုံ ဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း၊ ဌာနမျိုးသန့်မျိုးပွားခြံများအနေဖြင့် ရေမြုပ်ခံ စပါး မျိုးများကို နှစ်စဉ် တစ်ရာသီစာ ကြိုတင်၍ မျိုးစေ့ထုတ်လုပ်ထားပြီး သဘာဝဘေးဖြစ်ပေါ်ပါက အသင့်အသုံးပြုနိုင်ရေး ဆောင်ရွက်ကြရန်ဖြစ်ပြီး ရာသီကုန်ချိန်တွင် အသုံးပြုရန် မလိုအပ်ပါက အခြားနည်း သုံးစွဲနိုင်၍ ဆုံးရှုံးရန် မရှိသဖြင့် လာမည့် စိုက်ပျိုး ရာသီများတွင် စိုက်ပျိုးရေးဦးစီးဌာနနှင့် စိုက်ပျိုးရေး သုတေသနဦးစီးဌာန မျိုးသန့်မျိုးပွား ခြံများ၌ ရေမြုပ်ခံ စပါး မျိုးများကို နှစ်စဉ် တစ်ရာသီစာ ကြိုတင်၍ မျိုးစေ့ထုတ်လုပ် ဆောင်ရွက်ကြရန် ဖြစ်ကြောင်း ဆွေးနွေး ပြောကြားသည်။

ဆွေးနွေးပွဲတွင် ရေကြီးနစ်မြုပ်မှုအခြေအနေနှင့်ပြန်လည်စိုက်ပျိုးရာတွင် လိုက်နာရမည့်အချက်များ၊ ရေကြီးနစ်မြုပ်မှုကြောင့်ပျက်စီးသော လယ်ယာမြေများ၌ စပါးပြန်လည်စိုက်ပျိုးရာတွင် လိုက်နာရမည့်အချက်များ၊ ရေကြီးကွင်းဒေသများအတွက် စပါးမျိုးများမွေးမြူရွေးချယ်ခြင်း၊ ရေမြုပ်ခံစပါးစိုက်ပျိုးနည်းသုတေသနလုပ်ငန်းများ၊ ရေမြုပ်ခံ စပါးမျိုးများ ဖြန့်ဖြူးမှုနှင့် စမ်းသပ်မျိုးများ၏ ဒေသအလိုက် အထွက်နှုန်းများကို သက်ဆိုင်ရာ ပညာရှင်များက ဆွေးနွေးတင်ပြကြရာ ဆွေးနွေးပွဲတက်ရောက် လာကြသူများက သိရှိလိုသည်များကို ရင်းနှီးပွင့်လင်းစွာ မေးမြန်းဆွေးနွေးခဲ့ကြပြီး ဒုတိယဝန်ကြီးက လုပ်ငန်းများ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ဒေသများသို့ သွားရောက်ကာ တောင်သူလယ်သမားများနှင့်အတူ မိဘလိုင်းများ ရွေးချယ်မျိုးကူးစပ်ခြင်းမှ ရရှိလာသည့် ဗီဇကွဲသားဆက်လိုင်းများကို ဒေသအခြေအနေများတွင် ရွေးချယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကြရန်ဖြည့်စွက်မှာကြားခဲ့ကြောင်း သတင်း ရရှိသည်။MOALI

## ရမည်းသင်းတွင် မျိုးစေ့တိုက်ရိုက်ချကိရိယာဖြင့် မိုးစပါးစိုက်ပျိုးခြင်း သရုပ်ပြပွဲကျင်းပ

ရမည်းသင်း ဩဂုတ် ၈

ဒေသခံ တောင်သူများအနေဖြင့် လယ်ယာသုံးစက်ကိရိယာများကို တွင်ကျယ်စွာအသုံးပြုလာစေရေး၊ လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ အသွင်ကူးပြောင်းစေရေး ၊လုပ်သားရှားပါးမှုပြဿနာကို ဖြေရှင်းပေးနိုင်ရေး၊ သီးနှံများစိုက်ပျိုးချိန်တွင် စိုက်ပျိုးနည်းစနစ်မှန်ကန်ပြီးအချိန်တိုအတွင်း စိုက်ဧကများစွာကို စိုက်ပျိုးနိုင်ရေးနှင့် အထွက်နှုန်း ကောင်းမွန်လာစေရေး တို့ကို ရည်ရွယ်၍ စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊စက်မှုလယ်ယာဦးစီးဌာန၊အမှတ်-၂၈ စက်မှု လယ်ယာစခန်း၊ ရမည်းသင်းမြို့မှ မျိုးစေ့တိုက်ရိုက်ချကိရိယာ(10 - Rows Seeder)ဖြင့် မိုးစပါးစိုက်ပျိုးခြင်းသရုပ်ပြပွဲကို ယနေ့နံနက် ဝ၉၃၀ နာရီက ရမည်းသင်းမြို့နယ်၊ ဆည်ကြီးကျေးရွာ၊ ကွင်းအမှတ်-၁၁၆၂ ရှိဒေသခံတောင်သူ ဦးနေမျိုးထွန်း၏ လယ်မြေ ၂ ဧကတွင်ကျင်းပပြုလုပ်ခဲ့ကြောင်း သိရှိရသည်။

မျိုးစေ့တိုက်ရိုက်ချကိရိယာ (10-Rows Seeder)အသုံးပြု စပါးမျိုးစေ့ချ စိုက်ပျိုးခြင်းဖြင့် စပါးသီးနှံစိုက်ပျိုးချိန်တွင် စိုက်ပျိုးနည်းစနစ်မှန်ကန်ပြီး တစ်ဧကအထွက်နှုန်း တိုးတက်ကောင်းမွန်စေခြင်း၊မျိုးစေ့သုံးစွဲမှု နှုန်းထားအနည်းငယ်ဖြင့် စပါးအထွက်နှုန်းကောင်းမွန်စေခြင်း၊အချိန်တိုအတွင်း ဧကများစွာစိုက်ပျိုးနိုင်ခြင်း စသည့်အကျိုးကျေးဇူးများကို စက်မှုလယ်ယာဦးစီးဌာန၊ ခရိုင်ဦးစီးဌာနမှူးဦးသီဟဇော်က ရှင်းလင်းပြောကြားခဲ့ပြီး၊တောင်သူများ၏ မေးမြန်းချက်များနှင့်(10-Rows Seeder)မျိုးစေ့ချကိရိယာ၏ စက်မှုပိုင်းဆိုင်ရာ အချက်အလက်များနှင့် စိုက်ပျိုးရာတွင် သတိပြုလိုက်နာရမည့် အချက်များကို စက်မှုလယ်ယာဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဦးဇော်လင်းထွန်းက အသေးစိတ်ရှင်းလင်း ပြောကြားသည်။



စာ-၅ သို့

# ဧရာဝတီနှင့်ပဲခူးတိုင်းဒေသကြီးအတွင်း ရေဘေးအန္တရာယ်နှင့် တာတမံများရေတိုက်စားခြင်း ကာကွယ်ထိန်းသိမ်းရေးဆွေးနွေး

နေပြည်တော် ဩဂုတ် ၁၀

ဧရာဝတီနှင့် ပဲခူးတိုင်းဒေသကြီးများအတွင်း ရေဘေးအန္တရာယ်ကာကွယ်ရေးနှင့် ကမ်းပြိုကမ်းစားခြင်းကြောင့် တာတမံများရေတိုက်စားခြင်းကို ကာကွယ်ထိန်းသိမ်းဆောင်ရွက်ရန်များ ဆွေးနွေးပွဲကို ဩဂုတ် ၁၀ ရက်နေ့ မွန်းလွဲ ၁နာရီခွဲ အချိန်က စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် Video Conferencing ဖြင့်ပြုလုပ်ရာ ဆွေးနွေးပွဲသို့ ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ တမံကြီးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ညွှန်ကြားရေး မှူးများ နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



ယခုနှစ် ဇူလိုင်လဆန်းမှစ၍ ဧရာဝတီမြစ်ရေမြင့်တက်ခြင်း၊ ဒေသတွင်း နေရာအနှံ့ မိုးများစွာရွာသွန်းခဲ့ခြင်းကြောင့် မြို့များ၏ စိုးရိမ်ရေမှတ်အထက်ကျော်လွန်ရောက်ရှိခဲ့ပြီး ရေကြီး ရေလျှံမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ရေဘေးကာကွယ်ရေးတာများတွင်ရေကင်းများ ချထားမှုနှင့် အရေးပေါ်ထိန်းသိမ်းပြင်ဆင်မှုများ၊ တာတမံများကျိုးပေါက်မှုမဖြစ်ပေါ်စေရေး လုပ်ငန်းများကို ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနတာဝန်ရှိသူများနှင့်ဒေသခံများ ပူးပေါင်း ဆောင်ရွက်ခဲ့ပြီး လာမည့် မိုးလယ်၊ မိုးနှောင်းနှင့် မိုးလွန်ကာလများအတွက်ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများကို ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲတွင် တာဝန်ရှိသူများက ဟင်္သာတမြို့နယ်၊ အိပ်ပျက်ကျေးရွာအုပ်စု၊ ဖောင်ဆိပ်ရွာအနီးဖြစ်ပေါ်နေသည့် ကမ်းပြိုကမ်းစားမှုဖြစ်စဉ်များ၊ ရေဘေးကာကွယ်ရေးအတွက် ဖြတ်တာများ နှစ်အလိုက်ပြောင်းလဲဆောင်ရွက်ခဲ့ရမှုများ၊ ကမ်းပြိုကမ်းစားမှု လျော့နည်း သက်သာစေရေးဆောင်ရွက်သင့်သည့် နည်းလမ်းများ၊ ယခုနှစ် ဖြစ်ပေါ်ခဲ့သည့် ရေကြီး ရေလျှံမှုများ အပေါ် အရေးပေါ်ဆောင်ရွက်ခဲ့ရသော လုပ်ငန်းများနှင့် ပြန်လည်ပြင်ဆင်ရမည့် လုပ်ငန်းများကိုလည်းကောင်း၊ မြန်မာနိုင်ငံတမံကြီးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ ဦးဇစ်တာက ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွင် ရေဘေးကာကွယ်ရေးတာများ တည်ဆောက် ခဲ့မှုများနှင့် မှတ်တမ်းများ၊ လက်ရှိဆောင်ရွက်မှုအခြေအနေများ၊ ရေဘေးကာကွယ်ရေးတာများ မြှင့်တင်ခြင်း၏ အကျိုးဆက်များ၊ရေဘေးကာကွယ်ရေးတာများ ရေရှည်တည့်တံ့ရေးအတွက် ဆောင်ရွက်သင့်သည့် လုပ်ငန်းများကိုအကြံပြုရှင်းလင်းဆွေးနွေးသည်။

ဆွေးနွေးချက်များအပေါ် ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က ဧရာဝတီ တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ရေဘေးကာကွယ်ရေးတာတမံများ ကြံ့ခိုင်ရေးနှင့် ရေကြီးရေလျှံမှု လျှော့ချနိုင်ရန်အတွက် အရေးပေါ် ဆောင်ရွက်ခဲ့သည့်လုပ်ငန်းများ၊ ပြန်လည် ပြင်ဆင်ဆောင်ရွက်ခဲ့သော လုပ်ငန်းများ၊ တာတမံများအပြင် ရေလှောင်တမံများ ဘေးကင်းလုံခြုံ မှုရှိစေရေး (Dam Safety) စီမံဆောင်ရွက်သွားရန်ကိစ္စရပ်များ၊ ဟင်္သာတမြို့နယ်၊ အိပ်ပျက် ကျေးရွာအုပ်စု၊ ဖောင်ဆိပ်ကျေးရွာအနီး ရေဘေးကာကွယ်ရေးတာတမံများ၊ ဧရာဝတီမြစ်ကြောင်းပြောင်းလဲစီးဆင်းမှုကြောင့်မြစ်ကမ်းပါး ရေတိုက်စားမှုအား လျှော့ချနိုင်ရေးအတွက် ဆက်စပ်သည့် ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ထိရောက်မှုအနည်းဆုံးဖြင့် ရေရှည် အကျိုးရှိစေနိုင်ရေးဆောင်ရွက်သင့်သည့် နည်းလမ်းနှင့် လုပ်ငန်းများ၊ပွင့်လင်းရာသီတွင် တာတမံများ တောင့်တင်းခိုင်မာအောင် ပြင်ဆင်ဆောင်ရွက်ရန် လိုအပ်သော လုပ်ငန်းများကို ဆွေးနွေးမှာကြားသည်။

ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် မြစ်ကမ်းပါးရေတိုက်စားမှုကြောင့် ရေဘေးကာကွယ်ရေးတာတမံများ ပျက်စီးကျိုးပေါက်၍ မြို့ရွာများနှင့် စိုက်ပျိုးမြေများ ရေကြီးရေလျှံမှု အန္တရာယ်မဖြစ်စေရန် နှစ်စဉ် မိုးရာသီမတိုင်မီ လိုအပ်သော ဖြတ်တာများ၊ ပန်းတာများကို အချိန်မီ တည်ဆောက်ခြင်း၊ တည်ဆောက်ပြီး တာတမံများ ကြံ့ခိုင်မှုရှိစေမည့် လုပ်ငန်းများကို အထူးအလေးထား ဆောင်ရွက်လျက်ရှိသကဲ့သို့ ဧရာဝတီမြစ်ကမ်းပါးရေတိုက်စားမှုကာကွယ်ခြင်း လုပ်ငန်းများကိုလည်း ဆက်စပ်ဌာနများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

MOALI

စာ-၄ မှ

အဆိုပါ မျိုးစေ့တိုက်ရိုက်ချကိရိယာ( 10 - Rows Seeder )ဖြင့် မိုးစပါးစိုက်ပျိုးခြင်းသရုပ်ပြပွဲသို့ ရမည်းသင်းမြို့နယ်၊စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်ရွှေသိန်းနှင့်အဖွဲ့ဝင်များ မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့ဝင်များ၊ ရမည်းသင်းမြို့ စက်မှုလယ်ယာဦးစီးဌာန ခရိုင်ဦးစီးမှူး ၊ မြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများ ဆည်ကြီးကျေးရွာအုပ်စုရှိ ကျေးရွာ ၅ ရွာမှဒေသခံတောင်သူ ၃၅ ဦးခန့် စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှုလေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။

AMD


AgribizNews ဝက်ဘ်ဆိုက်နှင့် e-Paper တို့တွင်
ကြော်ငြာများထည့်သွင်းနိုင်ပါပြီ
ဆက်သွယ်ရန်- ၀၆၇-၃၄၁၀၆၁၆ (e-government ဌာနခွဲ)

# အိန္ဒိယတွင် မိုးစိုက်သီးနှံဧရိယာ ဟက်တာ ၇၀၄ သိန်းအထိ မြင့်တက် ပဲမျိုးစုံ စိုက်ဧရိယာ တိုးလာသော်လည်း ဝါစိုက်ပျိုးမှုကျဆင်း

ယခုနှစ် မိုးရာသီအတွင်း အိန္ဒိယနိုင်ငံ၏ စုစုပေါင်း စိုက်ပျိုးဧရိယာမှာ ဟက်တာ ၇၀၄ သိန်း ကျော်သွားပြီဖြစ်ကြောင်း၊ ယင်းသည် ပြီးခဲ့သည့်ရာသီတွင် စိုက်ပျိုးခဲ့သည့် ဟက်တာ ၆၈၀ ဒသမ ၃၆ သိန်း မှ သိသိသာသာမြင့်တက်လာခြင်းဖြစ်သည်ဟု စိုက်ပျိုးရေးနှင့် တောင်သူလယ်သမားများလူမှုဖူလုံရေးဝန်ကြီးဌာနမှ ထုတ်ပြန်သောအချက်အလက်များတွင် အဓိကဖော်ပြထားကြောင်း သိရှိရသည်။

ယင်းကိန်းဂဏန်းအချက်အလက်များအရ စပါးသီးနှံသည် ယခင်နှစ်က ဟက်တာ ၁၅၅ ဒသမ ၆၅ သိန်းမှ ယခုနှစ်ရာသီတွင် ဟက်တာ ၁၆၆ ဒသမ ၀၆ သိန်းအထိ တိုးမြှင့်စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ယင်း တိုးလာမှုသည် အိန္ဒိယနိုင်ငံ၏စိုက်ပျိုးရေးကဏ္ဍတွင် စပါး၏ဆက်လက်ထင်ရှားမှုကို ပြသနေကြောင်း ဖော်ပြထားပါသည်။

ပဲမျိုးစုံစိုက်ပျိုးမှုသည်လည်း သိသိသာသာမြင့်တက်လာခဲ့ပြီး ယခုနှစ်တွင် ပဲမျိုးစုံဟက်တာ ၈၅ ဒသမ ၇၉ သိန်း စိုက်ပျိုးထားကာ ယခင်ရာသီက စိုက်ပျိုးမှုဟက်တာ ၇၀ ဒသမ ၁၄ သိန်းထက် သိသိသာသာ တိုးလာခဲ့ကြောင်း၊ အဓိကပဲသီးနှံဖြစ်သည့် ပဲစဉ်းငုံစိုက်ပျိုးမှုသည် အထူးသိသာထင်ရှားစွာ မြင့်တက်လာခဲ့ပြီး ယမန်နှစ်က ဟက်တာ ၁၉ ဒသမ ၃၄ သိန်းသာ စိုက်ပျိုးရာမှ ယခုနှစ်တွင် ဟက်တာ ၃၃ ဒသမ ၄၈ သိန်း



အထိ တိုးမြှင့်စိုက်ပျိုးထားကြောင်း၊ ဤသည်မှာ စားနပ်ရိက္ခာဖူလုံရေး၊ သွင်းကုန်လျှော့ချရန်နှင့် ပြည်တွင်းဝယ်လိုအားကို ဖြည့်ဆည်းပေးရန်အတွက် ပဲစိုက်ပျိုးမှုအပေါ် အလေးထားမှုကြီးထွားလာမှုကို ထင်ဟပ်စေကြောင်း ဖော်ပြထားပါသည်။

ကိန်းဂဏန်းအချက်အလက်များအရ ဆီထွက်သီးနှံစိုက်ပျိုးမှုမှာလည်း မြင့်တက်လာပြီး ယခင်ရာသီက ဟက်တာ ၁၅၀ ဒသမ ၉၁ သိန်းသာရှိရာမှ ယခုနှစ်တွင် ဟက်တာ ၁၆၃ ဒသမ ၁၁ သိန်းအထိ တိုး လာကြောင်း၊ ဆီထွက်သီးနှံစိုက်ပျိုးမှုတွင် ပဲပုပ်စိုက်ပျိုးမှု ကျဆင်းလာသော်လည်း မြေပဲစိုက်ဧရိယာ တိုးလာခဲ့ကြောင်း၊ ယင်းသို့ သီးနှံများပြောင်းလဲစိုက်ပျိုးမှုသည် လယ်သမား၏ကြိုက်နှစ်သက်မှု (သို့မဟုတ်) ဈေးကွက်အခြေအနေများက သီးနှံရွေးချယ်မှုအပေါ် သက်ရောက်မှုရှိသည်ကို ညွှန်ပြ နေကြောင်း ဖော်ပြထားပါသည်။

တစ်ချိန်တည်းတွင် ကြံစိုက်ဧရိယာမှာမူ တည်ငြိမ်လျက်ရှိကြောင်း၊ ယခုရာသီတွင် ကြံစိုက်ဧက ၅၇ ဒသမ ၆၈ သိန်း စိုက်ပျိုးထားပြီး ယခင်နှစ်ကိန်းဂဏန်းများထက် အနည်းငယ်သာ ပြောင်းလဲမှုရှိကြောင်း၊ ယင်းသည် ကြံအတွက် တည်ငြိမ်သောဝယ်လိုအားနှင့် တသမတ်တည်း ထုတ်လုပ်နိုင်မှုအဆင့်ကို ညွှန်ပြနေကြောင်းဖော်ပြထား သည်။

သို့ရာတွင် ဝါစိုက်ပျိုးမှုသည် ယခုရာသီတွင် လျော့နည်းသွားသည်ကို တွေ့ရှိရကြောင်း၊ ယမန်နှစ်က ဟက်တာ ၁၀၅ ဒသမ ၆၆ သိန်း စိုက်ပျိုးခဲ့ရာမှ ယခုနှစ်တွင် ဟက်တာ ၁၀၂ ဒသမ ၀၅ သိန်းသို့ လျော့ကျသွားခဲ့ကြောင်း သိရှိရသည်။

ယေဘုယျအားဖြင့် ဝန်ကြီးဌာန၏ အချက်အလက်များသည် မိုးရာသီအတွင်း လယ်သမားများ၏ စိုက်ပျိုးရေးအလေ့အထနှင့် သီးနှံရွေးချယ်မှု အပြောင်းအလဲများကို အလေးထားဖော်ပြထား ကြောင်း၊ စပါး၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံ စိုက်ဧရိယာများ တိုးလာခြင်းသည် အဆိုပါသီးနှံများအ တွက် အပြုသဘောဆောင်သော အလားအလာကို ညွှန်ပြနေကြောင်းနှင့် ဝန်ကြီးဌာနမှ ဖော်ပြထား သည့် အချက်အလက်များသည် ၂၀၂၄ ခုနှစ် ဇူလိုင် ၁၉ ရက်နေ့အထိ ဖြစ်ကြောင်း သိရှိရသည်။

မျိုးမြင့်မောင်

# နီပေါ လယ်ယာထွက်ကုန်တင်ပို့မှု အခြားဒေသများသို့ တိုးချဲ့

နီပေါမှ သန့်ရှင်းသော လယ်ယာထွက်ကုန်များကို တရုတ်နိုင်ငံ Xizang ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသသို့တင်ပို့ခြင်းသည် ကျေးလက်တောင်သူ ထောင်ပေါင်းများစွာကို အကျိုးဖြစ်ထွန်းစေမည်ဟု မျှော်လင့်ထားကြောင်း နီပေါအရာရှိတစ်ဦးက မကြာသေးမီက ပြုလုပ်သည့် ဖိုရမ်တွင် ပြောကြားခဲ့သည်။

နီပေါနိုင်ငံ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌဟောင်း Ganesh Prasad Timilsina သည် Xizang ဒေသ Nyingchi ၌ကျင်းပသော ၄ ကြိမ်မြောက် China Xizang Trans-Himalaya နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်၌ ဧည့်သည်အဖြစ် မိန့်ခွန်းပြောကြားခဲ့သည်။

နီပေါ၏ အမြင့်ပိုင်းဒေသများမှ Xizang ဒေသသို့ လယ်ယာထွက်ကုန်များ၏ တင်ပို့မှု အလားအလာအပေါ် ၎င်း၏မျှော်လင့်ချက်များကို စားပွဲဝိုင်းအစည်းအဝေးတွင် မျှဝေခဲ့



ပါသည်။

နီပေါနိုင်ငံ၏ ကုန်းမြေဧရိယာ ၇၇ ရာနှုန်းသည် တောင်ကုန်းများ၊ ဆီးနှင်းများ ဖုံးလွှမ်းနေသည့် တောင်များဖြင့် ဖုံးလွှမ်းနေပြီး ယင်းဒေသသည် တစ်နှစ်ပတ်လုံး စိုက်ပျိုးထုတ်လုပ်မှုအတွက် ထူးခြားသော အလားအလာများရှိကြောင်း Timilsina မှ ပြောကြားခဲ့သည်။

အဆိုပါဒေသများသည် ဒေသခံလူထုတို့အတွက် စားနပ်ရိက္ခာနှင့် ဝင်ငွေကို ထောက်ပံ့ပေးရုံသာမက ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာများစွာကိုလည်း ထိန်းသိမ်းထားကာ ဌာနေမွေးမြူရေးနှင့် ကောက်ပဲသီးနှံများစိုက်ပျိုးရေးကိုလည်း ထိန်းသိမ်းစောင့်ရှောက်ပေးလျက်ရှိပါသည်။ အဆိုပါဒေသများတွင် စိုက်ပျိုးရေးနှင့် တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းသည် ဒေသခံလူထုအတွက် တည်ငြိမ်သည့် အသက်မွေးဝမ်းကြောင်းကိုလည်း ပံ့ပိုးပေးလျက်ရှိကြောင်း Timilsina က ပြောကြား ခဲ့သည်။

တိဗက်နွား၊ သိုး၊ ဆိတ်ကဲ့သို့သော တိရစ္ဆာန်များအပြင် ဆေးဖက်ဝင်အပင်များသည် နှင်းဖုံး လွှမ်းသောတောင်ပေါ်ဒေသများတွင် နေထိုင်ကြသူများ၏ အဓိကဝင်ငွေအရင်းမြစ်များဖြစ်ကြောင်း၊ နွား၊ ကျွဲ၊ ဆိတ်၊ ကြက်နှင့် ငါးတို့သည်လည်း အဓိကဝင်ငွေလမ်းများဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့ပါသည်။

ဟင်းသီးဟင်းရွက်များ၊ ပိုးသတ်ဆေး မသုံးသည့်အော်ဂဲနစ်သစ်သီးဝလံများ၊ ငါး၊ အသားနှင့်နို့ထွက်ပစ္စည်းများ ထုတ်လုပ်မှုသည် Gandaki ပြည်နယ်နှင့် အခြားဒေသများတွင် အဆမတန် တိုးပွားလာမည်ဟု ယုံကြည်လျက်ရှိကြောင်း ၎င်းကဆက်လက်ပြောပါသည်။

နီပေါနိုင်ငံ၏ တောင်ကုန်းနှင့် နှင်းဖုံးနေသော တောင်တန်းဒေသများရှိ ရေအရင်းအမြစ်များကို အသုံးချခြင်းဖြင့် လယ်ယာထွက်ကုန်၊ သစ်သီး၊ ငါး၊ အသားနှင့် နို့ထွက်ပစ္စည်းများကို ထောက်ပံ့ပေးနိုင်သည့်အတွက် Xizang ကုန်းပြင်မြင့်နှင့် အခြားသော မိုးနည်းရေရှားဒေသများမှ ပြည်သူများအတွက် ဂုဏ်ယူဝမ်းမြောက်မိသည်ဟု ၎င်းကပြောကြားခဲ့ကြောင်း သိရှိရသည်။

မြတ်ဖူးငုံဦး

http://www.ecns.cn/business/2024-07-31/detail-iheeumea4568617.shtml



# အမေရိကန်ကြက်ထုတ်ကုန်များ တင်သွင်းမှု ရုရှားကန့်သတ်

အမေရိကန်ပြည်ထောင်စုတွင် ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားမှုတိုးလာခြင်းကြောင့် ရုရှားနိုင်ငံသို့ တင်သွင်းမှုနှင့် အမေရိကန်၏ ကြက်ထွက်ကုန်အားလုံး၏ နိုင်ငံအတွင်း ဖြတ်သန်း သွားလာမှု(Transit)အပေါ် ကန့်သတ်ချက်များ ထုတ်ပြန်ခဲ့ကြောင်း ရုရှားစိုက်ပျိုးရေးဝန်ကြီးဌာန၊ တိရစ္ဆာန်နှင့် အပင်ပိုးမွှားရောဂါ ကင်းရှင်းရေးကြီးကြပ်ကွပ်ကဲမှု ဖက်ဒရယ်အစိုးရဌာန (Rosselk- hoznadzor)က ဖော်ပြခဲ့သည်။

၂၀၁၄ ခုနှစ်ကတည်းက ရုရှားနိုင်ငံသို့ အမေရိကန်၏ စားသောက်ကုန်ထုတ်ကုန်များ တင်ပို့မှု ရပ်ဆိုင်းခဲ့သည့်အတွက် ရုရှားဈေးကွက်ကို ထိခိုက်စေမည်မဟုတ်ကြောင်း၊ သို့သော် အမေရိကန်နိုင်ငံမှ ကြက်မွေးမြူရေးထုတ်ကုန်များအားလုံးသည် ရုရှားနယ်မြေမှတစ်ဆင့် အခြားနိုင်ငံများသို့ ဖြတ်သန်းသွားလာမှု(Transit)အပေါ် သက်ရောက်စေမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြ ထားသည်။

အမေရိကန်ပြည်ထောင်စုတွင် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှု မြင့်တက်လာမှုကြောင့် နိုင်ငံအများအပြားသည် ကြက်မွေးမြူရေးထုတ်ကုန်များ တင်သွင်းမှုကို ကန့်သတ်ထားကြောင်း၊ Rosselkhoznadzor သည်လည်း ၂၀၂၄ ခုနှစ်၊ ဇူလိုင် ၂၄ ရက်မှစ၍ အမေရိကန်ပြည်ထောင်စုမှ ကြက်မွေးမြူရေး ထုတ်ကုန်များအားလုံးကို ရုရှားနိုင်ငံသို့ တင်သွင်းခွင့်နှင့် နိုင်ငံအတွင်း ဖြတ်သန်းခွင့် အပေါ် ကန့်သတ်ချက်များ ချမှတ်လိုက်ခြင်းဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။

ခွန်မျိုးသူ

Source : https://ria.ru/20240725/ptitsevodstvo-1962002586.html

# စားအုန်းဆီ ပြည်တွင်းရောင်းချမှုဆိုင်ရာ လုပ်ထုံးလုပ်နည်း အင်ဒိုနီးရှား ပြန်လည်ပြင်ဆင်မည်

အင်ဒိုနီးရှားနိုင်ငံ၊ ကုန်သွယ်ရေးဝန်ကြီးဌာနက စားအုန်းဆီပြည်တွင်းရောင်းချမှုဆိုင်ရာ လုပ်ထုံး လုပ်နည်းများကို ပြန်လည်ပြင်ဆင်မည်ဟု ပြောကြားခဲ့ကြောင်း အင်ဒိုနီးရှား စားအုန်းဆီအသင်း (Indonesian Palm Oil Association) က ဩဂုတ် ၂ ရက်နေ့တွင် သတင်းထုတ်ပြန်ခဲ့သည်။ အဆိုပါပြင်ဆင်မှုသည် ပြည်တွင်းဈေးကွက်တွင် ရောင်းချမည့် စားအုန်းဆီအမျိုးအစားနှင့် ဈေးနှုန်းတို့တွင် ပြောင်းလဲမှုများ ရှိလာနိုင်မည်ဖြစ်သည်။

အင်ဒိုနီးရှားနိုင်ငံ၊ ကုန်သွယ်ရေးဝန်ကြီးဌာန၏ ညွှန်ကြားရေးမှူးဖြစ်သူ Bambang Wisnu-broto က ပြင်ဆင်ချက်ကို တစ်ပတ်အတွင်းထုတ်ပြန်မည်ဖြစ်ကြောင်း ဇူလိုင် ၂၉ ရက်နေ့က ပြောကြားခဲ့သည်။ လက်ရှိတွင် ပြည်တွင်းဈေးကွက်လုပ်ထုံး လုပ်နည်းအစီအစဉ် (Domestic Market Obligation - DMO) အရ ကုမ္ပဏီများအနေဖြင့် စားအုန်းဆီပြည်ပသို့ တင်ပို့နိုင်မည့် ပမာဏမှာ ပြည်တွင်း၌ရောင်းချသည့်ပမာဏ၏ ၄ ဆ ဖြစ်သည်။ စားအုန်းဆီထုတ်လုပ်သူများအနေဖြင့် ပြည်ပသို့တင်ပို့ခွင့်ပါမစ်ရရှိရန်အတွက် ပြည်တွင်းဈေးကွက်တွင် သတ်မှတ်ထားသည့် ဈေးနှုန်းဖြင့် စားအုန်းဆီကို ရောင်းချရသည်။ အစိုးရက ပြည်တွင်းဈေးကွက်တွင် ပြည်သူများတတ်နိုင်သည့် ဈေးနှုန်းဖြင့် စားအုန်းဆီရရှိနိုင်မှုကို အာမခံသည့်နည်းလမ်းတစ်ခုအနေဖြင့် DMO ကို အသုံးပြုခြင်းဖြစ်သည်။

သွယ်သွယ်ဆုတင်



# ဘေးသင့်ကာလအတွင်းမက်ထရိုမနီလာရှိ အခြေခံကုန်စည်ဈေးနှုန်းများ သတ်မှတ်

အနောက်တောင်မုတ်သုန်နှင့် ကာရီနာစူပါတိုင်ဖွန်းတို့၏ အကျိုးသက်ရောက်မှုများအရ ဘေးအန္တရာယ်ကျရောက်မှုအခြေအနေကို ထုတ်ပြန်ကြေငြာခဲ့ပြီးနောက် ဖိလစ်ပိုင်ကုန်သွယ်ရေးနှင့်စက်မှုဌာနသည် မက်ထရိုမနီလာအတွင်းရောင်းဝယ်ဖောက်ကားလျက်ရှိသည့် အခြေခံကုန်စည်များ၏ဈေးနှုန်းများကို ဇူလိုင် ၂၄ ရက်နေ့က သတ်မှတ်လိုက်ကြောင်း သိရသည်။ "ခုလိုအကြပ်အတည်းကာလအတွင်း မမျှမတ ဈေးနှုန်းမြင့်တက်မှုမှ စားသုံးသူတွေကို ကာကွယ်နိုင်ဖို့ ထုတ်ပြန်ရခြင်းဖြစ်ကြောင်း" ဌာန၏ အတွင်းရေးမှူးဖြစ်သူ ဖရက်ပါစကူရယ်က ပြောကြားသည်။

"ဘေးသင့်အိမ်ထောင်စုများအနေနဲ့ အခြေခံကုန်စည်တွေကို သင့်တင့်တဲ့ဈေးနှုန်းနဲ့ အလွယ်တကူ ဝယ်ယူနိုင်ဖို့ မိမိတို့ ကတိကဝတ်ပြုပါကြောင်း'" ၎င်းက ဖြည့်စွက်ပြောကြားသည်။

ပါစကူယယ်၏ပြောကြားချက်အရ ဈေးနှုန်းသတ်မှတ်မှုသည် ဘေးအန္တရာယ်အခြေအနေကာလအတွင်း အကျိုးသက်ရောက်နေမည်ဖြစ်သည်။ မရှိမဖြစ်လိုအပ်သော ကုန်စည်များ ရရှိရေးအတွက် ကြီးကြပ်စောင့်ကြည့်မှုများကို ကုန်သွယ်ရေးနှင့်စက်မှုဌာနအနေဖြင့် မက်ထရိုမနီလာရှိ ရုံးများနှင့် အနီးကပ် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းကိုလည်း ၎င်းကပြောကြားသည်။

ဈေးနှုန်းသတ်မှတ်လိုက်သည့် မရှိမဖြစ်လိုအပ်သော ကုန်စည်များတွင် ဆန်၊ ပြောင်း၊ ပေါင်မုန့်၊ ဟင်းသီးဟင်းရွက်၊ ဥစားသီးနှံများ၊ ဝက်သား၊ အမဲသား၊ ကြက်သား၊ ဥ၊ နို့၊ ကော်ဖီ၊ သကြား၊ စားသုံးဆီ၊ ဆား၊ အဝတ်လျှော်ဆပ်ပြာ/ဆပ်ပြာမှုန့်၊ ထင်း၊ မီးသွေး၊ ဖယောင်းတိုင်နှင့် ကျန်းမာရေးဌာနက မရှိမဖြစ်လိုအပ်ကြောင်း သတ်မှတ်ထားသည့် ဆေးဝါးများ ပါဝင်ကြောင်း သိရှိရသည်။

လက်ရှိအခြေအနေအပေါ် အခွင့်ကောင်းယူနိုင်သည့်အတွက် စီးပွားရေးလုပ်ငန်းများကိုလည်း တင်းကြပ်သည့် သတိပေးချက် ထုတ်ပြန်ထားကြောင်း ပါစကူရယ်က ပြောကြားသည်။ ဥပဒေ၊ အမိန့် ညွှန်ကြားချက်တွေကို ချိုးဖောက်ပါက ထောင်ဒဏ်ကျခြင်း၊ များပြားသောဒဏ်ကြေးပေးဆောင်ရခြင်းစသည့် ပြင်းထန်သော အကျိုးဆက်များ ခံစားရမည်ဖြစ်ကြောင်း၊ ခက်ခဲနေသည့် ယခုကာလတွင်သတ်မှတ်ဈေးနှုန်းအတိုင်း ရောင်းချနိုင်ရေးနှင့် ပြည်သူများ၏ အကျိုးကို ဦးစားပေးဖို့ တိုက်တွန်းဆော်ဩထားကြောင်း ဆက်လက်ပြောကြားသည်။



ဈေးနှုန်းဥပဒေအရ ဘေးသင့်ကာလအတွင်း အခြေခံကုန်စည်ဈေးနှုန်းများသည် သတ်မှတ်ဈေးနှုန်းဖြင့် ရက်ပေါင်း ၆၀ တည်ရှိနေမည်ဖြစ်သည်။ ဈေးကစားမှုများပြုပါက ထောင်ဒဏ် ၅ နှစ်မှ ၁၅ နှစ်အပြင် ဒဏ်ငွေ ပီဆို ၅၀၀၀ မှ ၂ သန်းအထိ၊ သတ်မှတ်ဈေးဖောက်ဖျက်ခြင်းအတွက် ထောင်ဒဏ် ၁ နှစ်မှ ၁၀နှစ်အပြင် ဒဏ်ငွေ ပီဆို ၅၀၀၀ မှ ၁ သန်း ပေးဆောင်ကြရမည်ဖြစ်သည်။ ဈေးနှုန်းကြီးမြင့်ခြင်း၊ ဖောက်ဖျက်ခြင်းများရှိပါက ဌာနသို့ သတင်းပို့ကြရန် စားသုံးသူပြည်သူများကို အသိပေး တိုက်တွန်းထားသည်။ TTP

https://asiannews.network

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသော နိုင်ငံဖြစ်သည်နှင့်အညီ လယ်ယာစိုက်ပျိုးရေးကဏ္ဍသည် အမိနိုင်ငံ၏ အရေးကြီးဆုံးသော အခန်းကဏ္ဍ ဖြစ်ပါသည်။ ခေတ်မီနည်းပညာများ ထွန်းကားလာသည်နှင့်အမျှစက်မှုလယ်ယာသို့ တိုးတက်ဆောင်ရွက်လျက်ရှိသော်လည်း တောင်သူဦးကြီးများအတွက် နွားမွေးမြူရေးသည် ယနေ့အထိ အရေးပါလျက်ရှိသည်။ မြန်မာနိုင်ငံရှိ နွားများတွင် ဖြစ်ပွားမှုများသော ကူးစက်ရောဂါများမှာ ခွာနာလျှာနာရောဂါ၊လည်ချောင်းကွဲရောဂါ၊ အရေပြားအကျိတ်နာရောဂါ စသည်တို့ ဖြစ်ပါသည်။ နွားများတွင် ခွာနာလျှာနာရောဂါဖြစ်ပွားပါက လယ်ယာလုပ်ငန်းခွင်တွင် နွားများကို အသုံးမပြုနိုင်ခြင်း၊ နို့ထွက်နှုန်းကျဆင်းသဖြင့် ဝင်ငွေထိခိုက်ခြင်းတို့ကြောင့် တောင်သူဦးကြီးများအနေဖြင့် ထိုရောဂါကို အထူးသတိပြုရန် အရေးကြီးပါသည်။







ဆေးပညာဌာန၊ မွေး/ဆေးတက္ကသိုလ်

ပျံ့နှံ့သွားသည်။ ဓာတ်ခွဲစမ်းသပ်ချက်အရ ရောဂါပိုးသည် ၂၄ နာရီအတွင်း အဆုတ်လမ်းကြောင်းအတွင်း ပျံ့နှံ့ပြီး ၇၂ နာရီ အကြာတွင် လျှာ၊ အာခေါင်၊ ခြေထောက်နှင့် အာသီးတို့တွင် တွေ့ရှိနိုင်ပါသည်။

တိရစ္ဆာန်၏ ခွာကြားနှင့် နှုတ်သီးနားတဝိုက်တွင် အရည်ကြည်ဖုများ ပေါ်လာခြင်းကို အဖျားနှင့်အတူ တွေ့ရှိရမည်ဖြစ်ပြီး ထိုရောဂါလက္ခဏာများကြောင့်တိရစ္ဆာန်သည် ခန္ဓာကိုယ်တွင် အနာတရဖြစ်စဉ်နှင့် စိတ်ကျဖြစ်စဉ်တို့ကို ခံစားရမည် ဖြစ်သည်။ ထိုအချိန်တွင် တိရစ္ဆာန်၏ ခန္ဓာကိုယ်အနှံ့တွင် ရောဂါပိုးများ ပျံ့နှံ့နေမည်ဖြစ်သည်။ ထို့ကဲ့သို့ တိရစ္ဆာန်၏ခန္ဓာကိုယ်ပေါ်တွင် အနာများ ပေါ်သည့်အချိန်နှင့် ရောဂါစဝင်သော အချိန်သည် ပုံမှန်အားဖြင့် ၂ ရက်မှ ၁၄ ရက်အထိ ကြာတတ်ပါသည်။ ရောဂါပျိုးချိန် မြန်ခြင်း၊ ကြာရှည်ခြင်းသည် ရောဂါဝင်သော လမ်းကြောင်းနှင့် ရောဂါပိုးအရေအတွက် ပေါ်မူတည်ကွာခြားနိုင်သည်။

# ကူးစက်မြန် လျှာနာ ခွာနာရောဂါအကြောင်း သိကောင်းစရာ

### စီးပွားရေးအရအရေးပါမှုများ

နွား၊ ကျွဲ အစရှိသည့် ခွာကွဲတိရစ္ဆာန်များတွင် ဖြစ်ပွားလေ့ရှိသောကူးစက်မှုနှုန်း မြင့်မားသည့် ခွာနာလျှာနာရောဂါသည် ကမ္ဘာတစ်ဝန်း၌ စီးပွားရေးအရအရေးပါသောရောဂါတစ်ခုဖြစ်သည်။ ထို့အပြင် အရှေ့တောင်အာရှ၌လည်း ခွာနာလျှာနာရောဂါကြောင့် ခိုင်းနွားများ အလုပ်ကောင်းစွာ မလုပ်နိုင်ခြင်းနှင့် တိရစ္ဆာန်မှ အသား၊ နို့ထုတ်လုပ်မှု လျော့ကျခြင်းများကြောင့် စီးပွားရေးဆုံးရှုံးမှုများ များစွာရှိသည်ကို ၂၀၁၅ ခုနှစ်၊ သုတေသနပညာရှင်များ၏ စစ်တမ်းများအရ တွေ့ရှိရပါသည်။ မြန်မာနိုင်ငံတွင်လည်း ခွာနာလျှာနာရောဂါသည် ကျွဲ၊ နွားများကို တပိုင်တနိုင် မွေးသည့်မွေးမြူသူများသာမက ၎င်းတိရစ္ဆာန်များကို အခြေခံ၍ လယ်ယာလုပ်ငန်းလုပ်ကိုင်သည့် တောင်သူ လယ်သမား များ၌လည်း စီးပွားရေးအရဆုံးရှုံးမှုများစွာရှိပါသည်။ တစ်ပိုင်တစ်နိုင် မွေးမြူသူများတွင်နှစ်စဉ်ဖြစ်ပွားလေ့ရှိသည့် ခွာနာလျှာနာရောဂါကြောင့် ၎င်းတို့ခြံ၌ မျိုးအောင်နှုန်း ကျဆင်းခြင်း၊ ကြီးထွားမှုလျော့နည်းခြင်းနှင့် ထုတ်လုပ်မှုလျော့ကျခြင်း၊တောင်သူလယ်သမားများတွင် စိုက်ပျိုးရိတ်သိမ်းချိန်များ၌ ကျွဲ၊ နွားများ၏ လုပ်အားကျဆင်းခြင်းနှင့်ဆေးကုသမှုများကြောင့် ကုန်ကျစရိတ်များခြင်း အစရှိသည့် ပြဿနာများ ကြုံတွေ့ရပါသည်။ ထို့အပြင် ၎င်းရောဂါသည် စားသုံးသူများအတွက် အစားအစာဖူလုံမှုနှင့် အစားအစာဘေးကင်းလုံခြုံမှုကဏ္ဍတို့တွင်လည်း အရေးကြီးသည့် ရောဂါတခုဖြစ်ပါသည်။ ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့အစည်း (OIE) ၏ ၂၀၁၁ ခုနှစ် အချက်အလက်များအရ မြန်မာနိုင်ငံတွင် ခွာနာလျှာနာရောဂါဖြစ်ပွားမှုများသည် တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးတွင်ဖြစ်ပွားနေသည်ကို တွေ့ရှိရသည်။ ထို့ကြောင့် တိရစ္ဆာန်များတွင် ခွာနာလျှာနာ ကာကွယ်ဆေးများ ဖြင့်နှစ်စဉ်စနစ်တကျထိန်းချုပ်ကာကွယ်ပါက နောင်အနာဂတ်တွင်မွေးမြူသူများနှင့် တောင်သူ လယ်သမားများအတွက် စီးပွားရေး ဆုံးရှုံးမှုများ လျော့ကျနိုင်မည်သာမက မြန်မာနိုင်ငံ၏ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးရေးလည်း တိုးတက် ကောင်းမွန်လာမည် ဖြစ်ပါသည်။

### ခွာနာလျှာနာရောဂါ ကူးစက်ပျံ့နှံ့ခြင်း

ခွာနာလျှာနာ ရောဂါပိုးသည် ပြင်းထန်ပြီး အလွန်ကူးစက်မြန်သော ရောဂါပိုး ဖြစ်ပါသည်။ ပုံမှန်အားဖြင့် ၎င်းရောဂါသည် ခွာကွဲတိရစ္ဆာန်အား လေထုထဲမှ တစ်ဆင့် ကူးစက်ပျံ့နှံ့နိုင်ပါသည်။ ရောဂါပိုးသည် ခန္ဓာကိုယ်ပြင်ပတွင် ပေါက်ပြဲသော အနာများမှ တစ်ဆင့်လည်း ဝင်ရောက်နိုင်ပါသည်။ သို့ပါသော်လည်း ထိုလမ်းကြောင်းမှ ကူးစက်ခြင်းသည် လေထုမှ ကူးစက်ခြင်းထက် ရောဂါပိုး အဆ ၁၀၀၀၀ လိုအပ်ပြီး အတွေ့ရ သိပ်မများပေ။ နွားမများ၏ နို့တိုင်တွင် ရောဂါပိုးများ ရှိနေနိုင်သောကြောင့် နွားငယ်လေးများတွင်နို့မှတစ်ဆင့် ရောဂါကူးစက်နိုင်ပါသည်။ထို့အပြင် ရောဂါပိုးသည်နွားထီးများတွင်လည်း သုတ်ပိုးများမှတစ်ဆင့် ပါဝင်နိုင်ပါသည်။ ခန္ဓာကိုယ်မှ ထွက်သော စွန့်ပစ်ပစ္စည်းများဖြစ်သည့် မစင်နှင့် ဆီးတို့တွင်လည်း ရောဂါပိုးများ ပါဝင်နိုင်ပါသည်။ ရောဂါပိုးရှိသော တိရစ္ဆာန်သည် လေထုထဲတွင် ရောဂါပိုးကို ဖြန့်နိုင်ပြီး ၎င်းမှတစ်ဆင့် အခြားတိရစ္ဆာန်သို့ ရောဂါများ ပျံ့နှံ့နိုင်သည်။

သုတေသီတို့၏ ဆန်းစစ်ချက်များအရ ရောဂါပိုးသည် အဆုတ်နှင့် လည်ပင်း နေရာတွင် စတင်ပွားများပြီး ပါးစပ်နားတဝိုက်နှင့် ခြေထောက်ကြားတို့ကို သွေးဖြူဥ များမှတစ်ဆင့်

### ခွာနာလျှာနာရောဂါလက္ခဏာများ

ခွာနာလျှာနာရောဂါသည် အသက်အရွယ်ကြီးသော နွားများတွင် အသက် သေဆုံးခြင်းမရှိပါ။ သို့သော် နွားငယ်များတွင် ရောဂါလက္ခဏာ မပြဘဲ နှလုံးကြွက်သား ယောင်ရမ်းခြင်းကြောင့် ရုတ်တရက် အသက်သေဆုံးနိုင်ပါသည်။

နွားများတွင် တွေ့ရများသော ခွာနာလျှာနာရောဂါလက္ခဏာများမှာ ပါးစပ်မှ သွားရေများကျခြင်း၊ ခွာနာခြင်း၊ ဖျားခြင်း၊ မှိုင်ခြင်း၊ အစာမစားခြင်း၊ နို့ထွက်နှုန်းကျခြင်း တို့ဖြစ်ပါသည်။ ပါးစပ်အတွင်းရှိ အာခေါင်၊ လျှာ၊ သွားဖုံး၊ နှာခေါင်း တဝိုက်၊ နို့အုံနေရာ နှင့် ခြေထောက်ရှိ ခွာနေရာများတွင် အရေကြည်ဖုများ ရှိခြင်းကြောင့်လည်းကောင်း၊ အရေကြည်ဖုများပေါက်ကာ နီရဲသောအနာများ ဖြစ်လာခြင်းကြောင့်လည်းကောင်း ပါးစပ်မှသရေများကျခြင်း၊ ခွာနာခြင်း၊ ခြေထောက်နာခြင်း၊ နှာခေါင်းနေရာတွင် အနာများဖြစ်ခြင်း၊ နို့အုံရှိ နို့သီးခေါင်းနေရာတွင် အနာများဖြစ်ခြင်း တို့ကို တွေ့ရပါသည်။ အရည်ကြည်ဖုများသည် ၂၄နာရီ ကြာပြီးနောက် အရည်များပေါက်ထွက်ကာ အနာများ ဖြစ်လာပါသည်။

ခွာနာလျှာနာရောဂါဖြစ်ပွားနေ

စာ-၉ သို့

# ညောင်ရွှေတွင် နည်းလမ်း ၅ မျိုးဖြင့် မိုးစပါးစိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲကျင်းပ





ညောင်ရွှေ ဇူလိုင် ၃၁

**ရှမ်း**ပြည်နယ် (တောင်ပိုင်း)၊ စက်မှုလယ်ယာဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ပူးပေါင်း၍ ဇူလိုင် ၃၁ ရက်နေ့ နံနက် ၀၉:၃၀ နာရီအချိန်၌ ညောင်ရွှေမြို့နယ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၊ နန်းသီတာဘက်စုံစိုက်ကွင်းတွင် နည်းလမ်း ၅ မျိုးဖြင့် မိုးစပါးစိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့် အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ဆန်း တို့တက်ရောက်ကြသည်။

အခမ်းအနားတွင်ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှူးနှင့် ပြည်နယ်စက်မှုလယ်ယာဦးစီးမှူးတို့က စိုက်နည်းစနစ်များနှင့် စက်ကိရိယာအသုံးပြုခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများအား ရှင်းလင်းတင်ပြကြသည်။

ထို့နောက်ပြည်နယ်ဝန်ကြီးချုပ်က ဒေသခံတောင်သူများသို့ သွင်းအားစုဓါတ်မြေဩဇာများ ထောက်ပံ့ပေးအပ်ကာ တက်ရောက်လာသည့်တောင်သူတစ်ဦးမှ ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး စက်မှုလယ်ယာဦးစီးဌာနမှ လက်ဆွဲမျိုးစေ့ချကိရိယာ၊ လက်ဆွဲကောက်စိုက်စက်၊ ၈ တန်းသွားကူဘိုတာကောက်စိုက်စက်၊ ၁၀ တန်းသွား မျိုးစေ့ချကိရိယာများဖြင့် မိုးစပါးသီးနှံ လက်တွေ့ စိုက်ပျိုးခြင်းများကို ကြည့်ရှုအားပေးကြသည်။

အခမ်းအနားသို့ ပြည်နယ်အတွင်းရှိဌာနဆိုင်ရာများမှ ၄၇ ဦး၊ ဒေသခံတောင်သူ ၁၀၆ ဦး၊ စုစုပေါင်း ၁၅၃ ဦးတက်ရောက်ကြကြောင်း သတင်းရရှိသည်။

**AMD**

စာ-၁၄ မှ

- ဒန့်ကွဲစေ့ကို လှော်ပြီးနောက် ရေနွေးကြမ်းတွင် လက်ဖက်ခြောက်ခပ်သကဲ့သို့ထည့်ကာ အသုံးပြုတတ်ကြ၏။ လှော်ပြီးသည့် ဒန့်ကွဲစေ့သည် ကော်ဖီရနံ့သင်းပျံ့မွှေး၏။ ရေနွေးပွက်ပွက်ဆူပြီးလျှင် ရေနွေးခရားအိုးထဲသို့ ဒန့်ကွဲစေ့လှော် အနည်းငယ်ထည့်၊ ရေနွေးပွက်ပွက်ဆူလောင်းထည့်ပြီးနောက် အဖုံးပိတ်ကာ ၁၀ မိနစ်ခန့် နှပ်ထားလိုက်ပါက ကော်ဖီရနံ့ သင်းပျံ့မွှေးသည့် ဒန့်ကွဲစေ့ရေနွေးကြမ်းလေးရ၏။ ဖန်ခါးခတ်ကဲကဲကြိုက်လျှင် ဒန့်ကွဲစေ့လှော် ပိုထည့်နိုင်၏။
- ဒန့်ကွဲအညွန့်အရွက်နုလေးများကို ကြက်သွန်ဖြူဓားပြားရိုက် ဆီသတ်ပြီး ကြော်စားလျှင်လည်း ကောင်း၏။
- ကြက်သွန်ဖြူ ငရုတ်ကောင်း ဟင်းခါးရည်ချက်ပြီး ငါးမီးအုံးခပ်ထားသည့် ဟင်းခါးရည်ထဲ ဒန့်ကွဲရွက်နု ခပ်ပြီးသောက်လျှင်လည်း ကောင်း၏။

ရာသီချိန်ခါနှင့်အညီ သဘာဝတရားမှပေးသည့် လက်ဆောင်မွန် ဒန့်ကွဲပင်မှ ရရှိသည့် အစိတ်အပိုင်းများကို အမြတ်တနိုးတန်ဖိုးထားပြီး ဒေသအလိုက် မတူညီကွဲပြားသည့် ချက်ပြုတ်နည်းမျိုးစုံဖြင့် ပြင်ဆင်စားသုံးခြင်းဖြင့် ကုန်ကျစရိတ် သက်သာစေပြီး ကျန်းမာရေးအကျိုးကျေးဇူးကောင်းများကို ရရှိနိုင်မည်ဖြစ်၏။

**ကြေးမုံငယ်**

စာ-၈ မှ

သော နွားများသည် ၈ ရက်မှ ၁၅ ရက်အတွင်း ပြန်လည်သက်သာကောင်းမွန်လာသော်လည်း လျှာအနာများ၊ ခွာအနာများ၊ နို့အုံယောင်ရမ်းခြင်းများနှင့်ထိုအနာများအတွင်းသို့ ဘတ်တီးရီးယားပိုးများ ဝင်ရောက်ခြင်းတို့အပြင် သားလျှောခြင်းများ၊ ကိုယ်အလေးချိန်ကျဆင်းခြင်း၊ နို့ထွက်နှုန်းကျခြင်းတို့ ဆက်လက် ဖြစ်ပွားနိုင်ပါသည်။ ထိုအနာများသည် ရောဂါပိုးဝင်ရောက်ပြီး ၁၀ ရက်ခန့် အကြာတွင် ပြန်ကောင်း မွန်လာတတ်သော်လည်းတစ်ခါတစ်ရံတွင် ဘက်တီးရီးယားပိုးများ ထပ်မံဝင်ရောက်လာပါက ၂ ပတ် သို့မဟုတ် ၃ ပတ်အထိ ကြာမြင့်နိုင်ပါသည်။ ခွာနာလျှာနာ ရောဂါနှင့် လက္ခဏာဆင်တူသော ရောဂါများမှာ Blue tongue၊ Vesicular stomatitis၊ mucosal disease နှင့် Malignant catarrhal fever တို့ဖြစ်ကြပါသည်။

### ခွာနာလျှာနာရောဂါကုသရေးနှင့် ထိန်းချုပ်ရေး

ခွာနာလျှာနာရောဂါကုသရန် အတွက်တိကျသေချာသော ဆေးဝါးများမရှိပါ။ သို့သော်လည်း ရောဂါလက္ခဏာ သက်သာစေသည့် လိုအပ်သော ကျန်းမာရေး စောင့်ရှောက်မှုများနှင့် သက်သာအောင် ကုသနိုင်ပါသည်။ ခွာနာလျှာနာရောဂါသည် ကောင်းစွာ ကြိုတင်ကာကွယ်ထိန်းချုပ်နိုင်သော ရောဂါတစ်ခု ဖြစ်ပါသည်။ ရောဂါဖြစ်ပွားသော နေရာဒေသအလိုက် တိကျသော ဗိုင်းရပ်မျိုးစိတ် ခွာနာလျှာနာ ရောဂါကာကွယ်ဆေးထိုး၍ ရောဂါမဖြစ်အောင် တားဆီးနိုင်ပါသည်။ ခွာနာလျှာနာရောဂါသည် လေထဲမှတစ်ဆင့်ကူးစက် ပျံ့ပွားနိုင်သော်လည်း တိရစ္ဆာန်ထွက်ကုန် ပစ္စည်းများ၊ ကျွဲနွားပိုင်ရှင်၊ အလုပ်သမားများ၊ အသုံးပြုပစ္စည်းကိရိယာများအတွက် တင်းကျပ်သော ဇီဝလုံခြုံရေးစနစ်ကို အသုံးပြု၍ခွာနာလျှာနာရောဂါကို ကောင်းစွာ ထိန်းချုပ်ရပါမည်။ ရောဂါထိန်းချုပ်ရန်အတွက် မှတ်တမ်းထားရှိခြင်းသည်လည်း အရေးကြီးပါသည်။ သို့မှသာ တိရစ္ဆာန်များ၏ နေရာဒေသ တစ်ခုမှတစ်ခုသို့ ရွှေ့လျားမှု၊ လှုပ်ရှားမှုများကို ကန့်သတ်ရပ်တန့်နိုင်ပြီး ရောဂါဝင်ရောက်ခြင်းနှင့် ပျံ့နှံ့ခြင်းကို ကာကွယ်နိုင်ပါမည်။ ထို့အပြင် သံသယဖြစ်စေသော ရောဂါလက္ခဏာများတွေ့ရှိပါက တိရစ္ဆာန်ဆေးကု ဆရာဝန်များ၊ သက်ဆိုင်ရာမြို့နယ်များရှိ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ အမြန်ဆုံး ဆက်သွယ်ပြီး ဆေးကုသရေးနှင့် ရောဂါထိန်းချုပ်ရေးလုပ်ငန်းများကို စနစ်တကျ ပူးပေါင်းဆောင်ရွက်ရပါမည်။

သို့ဖြစ်ပါ၍ တောင်သူဦးကြီးများအနေဖြင့် ခွာနာလျှာနာရောဂါ၏ စီးပွားရေးအရ အရေးပါပုံ၊ ရောဂါကူးစက်ပုံ၊ ရောဂါလက္ခဏာအကြောင်းကို သိရှိပြီး ရောဂါထိန်းချုပ်ရေးလုပ်ငန်းများတွင် တစ်တပ်တစ်အားပါဝင်နိုင်မည် ဖြစ်ပါသည်။ ထိုရောဂါကို ကောင်းစွာ ထိန်းချုပ်နိုင်ပါက ကျွဲနွားအရှင် နိုင်ငံခြားသို့ တင်ပို့ရောင်းချမှုမှာလည်း ဈေးကွက်ပိုမိုရရှိလာပြီး နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေရရှိအောင် တစ်ဖက်တစ်လမ်းမှ ကူညီဆောင်ရွက်နိုင်မည်ဖြစ်သည့်အပြင် တောင်သူဦးကြီးများ၏ လူနေမှုဘဝလည်း ပိုမိုမြင့်မားလာမည် ဖြစ်ပါသည်။

**ဆေးပညာဌာန(မွေး/ဆေး)**



# စိုက်ပျိုးမွေးမြူရေးပညာနှင့်နိုင်ငံတကာစိုက်ပျိုးမွေးမြူရေးတက္ကသိုလ်များ (အပိုင်း – ၁၀)

## အိန္ဒိယနိုင်ငံရှိ စိုက်ပျိုးမွေးမြူရေး တက္ကသိုလ်များ



အိန္ဒိယသုတေသနတက္ကသိုလ်၊ နယူးဒေလီ

(ယခင်အပတ်မှအဆက်)

အိန္ဒိယနိုင်ငံ၏ ပုံစံကတစ်မျိုးပါ၊ သူတို့၏ စုစုပေါင်းပြည်နယ် ၂၈-ခု တွင် ပြည်နယ် /တိုင်း (Each State/ Province) တွင် စိုက်ပျိုး မွေးမြူရေး တက္ကသိုလ် အနည်းဆုံး တစ်ခုစီရှိပြီး ပြည်နယ်နာမည် ရှေ့ကထား၍ နာမည်ခေါ်ဝေါ် လေ့ရှိပါသည်။ ဥပမာ - ဘီဟာပြည်နယ် (Bihar State)ရှိ ဘီဟာစိုက်ပျိုးမွေးမြူရေးတက္ကသိုလ် (Bihar Agricultural University)၊ ပန်ဂျပ်ပြည်နယ် (Punjab State)ရှိ ပန်ဂျပ် စိုက်ပျိုး မွေးမြူရေး တက္ကသိုလ် (Punjab Agricultural University)။

စိုက်ပျိုး၊ မွေးမြူရေးက နိုင်ငံစီးပွားရေး၏ ကျောရိုးမဏ္ဍိုင်ဖြစ်သဖြင့် တစ်မျိုးသားလုံး အလေးထားပါသည်။ဝန်ကြီးချုပ်က အစ အောက်ခြေလူတန်းစားအထိ ဤပညာရပ်များသည် သူတို့ တိုင်းပြည်အတွက် အရေးပါမှုကိုသိပါသည်။

ဗဟိုအစိုးရ (Central/Federal Government) အနေနှင့် အိန္ဒိယ စိုက်ပျိုး မွေး မြူ ရေး သု တေ သ န ကောင်စီ (ICAR – Indian Council of Agricultural Research) က ကြီးကြပ်ပါသည်။ ဤအဖွဲ့သည် ၁၉၂၉-ခုနှစ် ဇူလိုင်လ ၁၆-ရက်နေ့ကတည်းက စတင်ခဲ့သော လွတ်လပ်သော အဖွဲ့အစည်းတစ်ခု (An Autonomous Organization) ဖြစ်ကာ စိုက်ပျိုး၊ မွေးမြူရေးနှင့် တောင်သူလယ်သမား လူမှုဘဝဖူလုံရေး ဝန်ကြီးဌာန (Ministry of Agriculture and Farmer Welfare) အောက် စိုက်ပျိုးရေးပညာနှင့်သုတေသနဦးစီးဌာန (DARE – Department of Agricultural Research and Education)နှင့်တွဲဖက် လုပ်ဆောင်ပါသည်။ သင်ကြားရေး (တက္ကသိုလ်၊ ကောလိပ် Teaching)၊ သုတေသန (Research)၊ တောင်သူပညာပေးလုပ်ငန်း (Extension)ကို ပြည်နယ်အစိုးရနှင့် ပူးတွဲ ဆောင်ရွက်ပါသည်။ ဤအဖွဲ့က ပြည်နယ်အားလုံးရှိ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ် ကျောင်းပေါင်း ၇၅-ကျောင်း (၂၀၂၄)ကို ကြီးကြပ် ညှိနှိုင်း ဆောင်ရွက်ပါသည်။ ထို့အပြင် ဗဟိုအစိုးရကကြီးကြပ်ဖွင့်လှစ်သည့် စိုက် ပျိုး ၊ မွေး မြူ ရေး တ က္က သို လ် (Central Agricultural University) ၃-ကျောင်းနှင့် အဆင့်မြင့် တက္ကသိုလ် (Deemed University) ၄-ကျောင်း ရှိပါသည်။ တစ်နိုင်ငံလုံး စိုက်ပျိုးမွေးမြူရေးကို သင်ကြားပေးနေသော ပုဂ္ဂလိကတက္ကသိုလ်၊ ကောလိပ်ပေါင်း (Private Colleges and Universities, which offer Agriculture) ၃၅-၄၀ ခန့် (၂၀၂၄) နှင့် စုပေါင်းလိုက်လျှင် စုစုပေါင်း ၁၁၀-၁၁၅ ကျောင်းခန့် ရှိပါသည်။ အစိုးရ/ပုဂ္ဂလိက စိုက်ပျိုးမွေးမြူရေး ကောလိပ်ပေါင်း (Both Public and Private Agricultural Colleges) ၈၄၀-ကျော် ခန့်ရှိပါသည်။

ပထမဆုံး အနေနှင့် ကျွန်တော်တို့ ၂၀၁၈-ခုနှစ်က ၂-ပတ်ကြာ လေ့လာသင်တန်း တက်ခဲ့ရသော (က) နယူးဒေလီမြို့တော်ရှိ အိန္ဒိယနိုင်ငံ **စိုက်ပျိုးရေးသုတေသနတက္ကသိုလ် (IARI – Indian Agricultural Research Institute)**အကြောင်းအရင်ဆွေးနွေးရအောင်ပါ။

ဤတက္ကသိုလ်သည် ကမ္ဘာကျော်ပြီး၊ အိန္ဒိယနိုင်ငံ၏ အကောင်းဆုံး စိုက်ပျိုးရေး တက္ကသိုလ်တစ်ခု ဖြစ်ပါသည်။ ပြည်တွင်း၊ ပြည်ပ ဘွဲ့လွန်ကျောင်းသား၊ ကျောင်းသူများ သာ လက်ခံသော ဘွဲ့လွန်သုတေသန အခြေခံတက္ကသိုလ် (Research-based University and accepted only Post-Graduate Agricultural Students) ဖြစ်ပါသည်။

ဖွဲ့စည်းပုံက မဟာဌာနပုံစံအဆင့်မြင့်ကျောင်း(School)များ ပုံစံနှင့် ဖွဲ့စည်းပါသည်။ဤကျောင်း၏ကြီးကြပ်မှုအောက် အိန္ဒိယတစ်နိုင်ငံလုံး ဒေသသုတေသနဌာန/နယ်မြေ (၄) ခု (Regional Stations/Campuses – Shimala, Karnal, Indore and Pusa Bihar) နှင့် ဒေသနယ်မြေ/ စုဝေးရာနေရာ (Regional Centre/ Campuses– Aduthurai, Dharwad and Wellinton) ၃-ခု ရှိပါသည်။ သို့သော် နိုင်ငံခြားတက္ကသိုလ် နယ်မြေအများစု (Regional Campuses) က ဘွဲ့ကြိုသင်တန်းဆိုလျှင် ပထမနှစ်မှ နောက်ဆုံးနှစ် အထိ ထိုနေရာမှာပဲ သင်ကြားပေးပါသည်။ ရေဆင်း စိုက်ပျိုးရေးတက္ကသိုလ်တွင်လည်း နယ်မြေ/ကျောင်းခွဲ(7-Campuses) ၇-ခုတွင် ပထမနှစ်မှနောက်ဆုံးနှစ်အထိ ကျောင်းသား ၄၀-၅၀ ဦးခန့် အစအဆုံးသင်ပေးနိုင်ပါက ထိုဒေသမှ ကျောင်းသား၊ ကျောင်းသူများ နေပြည်တော် ရေဆင်းသို့ လာစရာ မ လို တော့ ပါ ။ ဒေ သ ဖွံ့ ဖြိုး ရေး အတွက် အလွန်ကောင်းမွန်ပါလိမ့်မည်။ ထိုင်းနိုင်ငံ ကဆက်ဆပ်တက္ကသိုလ်က ထိုကဲ့သို့ နယ်မြေများ နိုင်ငံ၏ နေရာ အနှံ့တွင်ရှိပါသည်။

(၁) **သီးနှံဖွံ့ဖြိုးတိုးတက်ရေး အဆင့်မြင့်ကျောင်း (School of Crop Improvement)** ဤကျောင်းအောက်တွင် (၁-က) ဗီဇဗေဒဌာနကြီး (Division of Genetics)၊ (၁-ခ)

**ဒေါက်တာမျိုးကြွယ်**

မျိုးစေ့သိပ္ပံနှင့် နည်းပညာဌာနကြီး (Division of Seed Science and Technology) နှင့် မျိုးစေ့ထုတ်လုပ်သည့်ရုံးဌာန (Seed Production Unit) တို့ရှိပါသည်။ အိန္ဒိယ တစ်နိုင်ငံ လုံးနှင့် နိုင်ငံအားလုံးကို လယ်ယာသီးနှံ (Agronomic Crops) နှင့် ဥယျာဉ်ခြံသီးနှံ(Horticultural Crops) အထွက်ကောင်း မျိုးစေ့ပေါင်းများစွာ ဖြန့်ဖြူး ပေးနေသော ကမ္ဘာကျော် တက္ကသိုလ် ဖြစ်ပါသည်။

(၂) **သဘာဝအရင်းအမြစ်များ စီမံခန့်ခွဲရေး အဆင့်မြင့်ကျောင်း (School of Natural Resource Management)** ဤကျောင်းအောက်တွင် (၂-က) လယ်ယာသီးနှံ ဌာနကြီး (Division of Agronomy)၊ (၂-ခ) မြေဆီလွှာသိပ္ပံနှင့် စိုက်ပျိုးရေး ဓာတုဗေဒဌာနကြီး (Division of Soil Science and Agricultural Chemistry) (၂-ဂ) စိုက်ပျိုးရေး ဆိုင်ရာရူပဗေဒဌာနကြီး (Division of Agricultural Physics)၊ (၂-ဃ) ပ တ် ဝ န်း ကျ င် သိ ပ္ပံ ဌာ န ကြီး (Divi-sion of Environmental Science)၊ (၂-င) အဏုဇီဝဗေဒဌာနကြီး (Divi-sion of Microbiology)၊ (၂-စ) စိုက်ပျိုးရေးအင်ဂျင်နီယာဌာနကြီး (Division of Agricultural Engineering) နှင့် (၂-ဆ) စိုက်ပျိုးရေးပညာ ဗဟုသုတများဖြန့်ဝေပေးရာ ရုံးဌာန (Agricultural Knowledge Management Unit) တို့ရှိပါသည်။

(၃) **အပင်ကာကွယ်ရေးပညာ အဆင့်မြင့်ကျောင်း (School of Plant Protection)** ဤကျောင်းအောက်တွင် (၃-က) အပင်ရောဂါဗေဒဌာနကြီး (Division of Plant Pathology)၊ (၃-ခ) ကီမိလဗေဒဌာနကြီး (Division of Entomology)၊ (၃-ဂ) နီမာ တုတ်ပညာဌာနကြီး (Division of Nematology) နှင့် (၃-ဃ) စိုက်ပျိုးရေးဆိုင်ရာ ဓာတု ပစ္စည်းများဌာနကြီး (Division of Agricultural Chemicals) တို့ရှိပါသည်။

(၄) **အခြေခံသိပ္ပံများ အဆင့်မြင့်ကျောင်း (School of Basic Sciences)** ဤကျောင်းအောက်တွင် (၄-က) ဇီဝဓာတုဗေဒဌာနကြီး (Division of Biochemistry) နှင့် (၄-ခ) အပင်ဇီဝကမ္မဗေဒ ဌာနကြီး (Division of Plant Physiology) တို့ ရှိပါသည်။

(၅) **လူမှုရေးသိပ္ပံပညာများ အဆင့်မြင့်ကျောင်း (School of Social Sciences)** ဤကျောင်းအောက်တွင် (၅-က) စိုက်ပျိုးစီးပွားရေးပညာ ဌာနကြီး (Division of Agricultural Economics)၊ (၅-ခ) စိုက်ပျိုးပညာပေးရေးပညာဌာနကြီး (Division of Agricultural Extension) နှင့် (၅-ဂ) တောင်သူများအတွက် စိုက်ပျိုးရေး နည်းပညာ ပညာပေးရုံးဌာန (ATIC – Agricultural Technology Information Centre) တို့ရှိ ပါသည်။နယူးဒေလီမြို့ ပူစာရပ်ကွက်ရှိ တက္ကသိုလ်အတွင်း ဤရုံးဌာန (Centres/ Units) များကို တောင်သူများ နေ့စဉ် လာရောက်လျက်ရှိပြီး မျိုးစေ့ဝယ်ယူခြင်း၊ မြေဆီလွှာ စစ်ဆေးခြင်း၊ ပိုးမွှား၊ ရောဂါများနှင့် သိရှိလိုသော ဗဟုသုတများကို လူကိုယ်တိုင် လာရောက်မေးမြန်းခြင်း၊ တယ်လီဖုန်း

စာ-၁၁ သို့



ပန်ဂျပ်စိုက်ပျိုးမွေးမြူရေးတက္ကသိုလ်၊ လူဒီဟားနားမြို့၊ ပန်ဂျပ်ပြည်နယ်

စာ-၁၀ မှ
ဆိုရှယ်မီဒီယာများမှ တစ်ဆင့် ဆက်သွယ်လျက်ရှိ ပါသည်။

အိန္ဒိယနိုင်ငံ၏တောင်သူပညာပေးလုပ်ငန်း အောင်မြင်နေသည့် အဓိကအချက်မှာ တက္ကသိုလ်များနှင့် ချိတ်ဆက်ထားပြီး တစ်နိုင်ငံလုံး တောင်သူများနှင့်အနီးကပ်ရှိနေသော တောင်သူပညာပေးရုံးဌာန (သူတို့ အခေါ် KVK – Krishi Vigran Kendra – Agricultural Technology Transfer Centers) ၇၀၀-ကျော် ရှိနေခြင်းဖြစ်ပါသည်။ ကျွန်တော်တို့ နိုင်ငံလို စိုက်ပျိုးရေး၊ မွေးမြူရေး၊ငါးလုပ်ငန်း၊ စက်မှုလယ်ယာ၊ဆည်မြောင်း စသည်တို့ တစ်ရုံးစီရှိ မနေဘဲ တစ်နေရာ တည်းတွင် တစ်ရုံးတည်းရှိနေပြီး (One-Stop Service) ရုံးအကြီးအကဲ တစ်ဦးထဲအောက်တွင် သက်ဆိုင်ရာ ဘာသာရပ် အလိုက် ကျွမ်းကျင်ပညာရှင်များ (SMS – Subject Matter Specialists) ရှိကာ တောင်သူလိုအပ်ချက်များ ဖြည့်တင်းပေးသော ရုံးဌာန များဖြစ်၍ အားကျ အတုယူဖွယ် ကောင်းလှပါသည်။

(ခ) နောက်တက္ကသိုလ် တစ်ကျောင်းကတော့ ၂၀၁၈-ခုနှစ်ကနယူးဒေလီမြို့မှကျွန်တော် တို့ အဖွဲ့နေ့ချင်းပြန် လေ့လာရေးသွားခဲ့သည့် ပန်ဂျပ်ပြည်နယ်၊ လူဒီဟာနာမြို့ (Ludhiana) မှာရှိသည့် **ပန်ဂျပ်စိုက်ပျိုးမွေးမြူရေးတက္ကသိုလ် (Punjab Agricultural University)** ပါ။ ကျွန်တော်တို့ သင်တန်းတက်နေသည့် နယူးဒေလီမြို့တော်နှင့် ၃၁၆-ကီလိုမီတာ (မိုင် ၂၀၀-ခန့် ) ကွာဝေးပါသည်။ လမ်းတွေက ကောင်းတော့ မနက် ၄-နာရီက နယူးဒေလီက မနက် ၄-နာရီလောက်ထွက်ခဲ့ရာ ထိုတက္ကသိုလ်သို့ မနက် ၁၀-နာရီလောက် ရောက်သွားပါသည်။

ပန်ဂျပ်စိုက်ပျိုးမွေးမြူရေးတက္ကသိုလ်သည်၁၉၀၆-ခုနှစ်ကတည်းက ပန်ဂျပ်စိုက်ပျိုး မွေးမြူရေး ကောလိပ် (Punjab Agricultural College) အနေနှင့် တည်ထောင်ခဲ့ပြီး အိန္ဒိယနိုင်ငံ၏ အကောင်းဆုံး စိုက်ပျိုးမွေးမြူရေး တက္ကသိုလ်များထဲတွင်ပါဝင်ပါသည်။

တက္ကသိုလ် စုစုပေါင်း အကျယ်အဝန်း ၁၇၉၃-ဟက်တာ (၄၄၃၀-ဧက) ရှိပါသည်။ အိန္ဒိယနိုင်ငံသည် လူဦးရေသန်း၁၄၀၀-ကျော်ရှိသော်လည်း စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်များအတွက် သင်ကြားရေးနှင့် သုတေသနပြုလုပ်ရန် ပြည်နယ်/တိုင်းကို မြေဧက ကျယ်ဝန်းစွာ ပေးထားပါသည်။ အတုယူ အားကျစရာပါ။ဤတက္ကသိုလ်ကို ကောလိပ် ၆-ခု ထပ်မံ ခွဲထားပါသည်။နိုင်ငံအတွင်း၊ ပြည်နယ်အတွင်း နယ်မြေ ၃-ခု (Ballowal Saunsri, Gurdaspur and Bathinda Colleges/Campuses) ထပ်မံခွဲထားပါသည်။

(၁) စိုက်ပျိုးရေးကောလိပ် (College of Agriculture) အစောဆုံး စတင်တည်ထောင်ခဲ့ပြီး ဤကောလိပ်၏ ကြီးကြပ်မှုအောက်တွင် (၁-က) လယ်ယာသီးနှံဌာန (Department of Agronomy)၊ (၁-ခ) ရာသီဥတုပြောင်းလဲမှုနှင့် စိုက်ပျိုးရေးမိုးလေဝသပညာဌာန (Department of Climate Change and Agro-meteorology) (ကျွန်တော်တို့ နိုင်ငံ တွင်မရှိသေးပါ)၊ (၁-ဂ) အပင်မွေးမြူရေးနှင့်ဗီဇဗေဒဌာန (Department of Plant Breeding and Genetics)၊ (၁-ဃ) မြေဆီလွှာသိပ္ပံဌာန (Department of Soil Science)၊ (၁-င) ကိုမိလဗေဒဌာန (Department of Entomology)၊ (၁-စ) အပင်ရောဂါဗေဒဌာန (Department of Plant Pathology)၊ (၁-ဆ) တောင်သူပညာပေးဌာန (Department of Extension Education)၊ (၁-ဇ) အစားအသောက်သိပ္ပံနှင့်နည်းပညာဌာန (Department of Food Science and Technology)၊ (၁-ဈ) စိုက်ပျိုးရေးဆိုင်ရာ ဇီဝနည်းပညာအဆင့် မြင့် ကျောင်း (School of Agricultural Biotechnology)၊ နှင့် (၁-ည) သြဂဲနစ်နည်းပညာ အဆင့်မြင့်ကျောင်း (School of Organic Farming) တို့ရှိပါသည်။

(၂) ဥယျာဉ်ခြံသီးနှံနှင့် သစ်တောပညာ ကောလိပ် (College of Horticulture and Forestry) ဤကောလိပ်၏ ကြီးကြပ်မှုအောက်တွင် (၂-က) ဟင်းသီးဟင်းရွက်သိပ္ပံဌာန (Department of Vegetable Science)၊ (၂-ခ) သစ်သီးဝလံဌာန (Department of Fruit Science)၊ (၂-ဂ) ပန်းမာန်နှင့်မြေယာ အလှဆင်ဌာန (Department of Floriculture and Landscaping)၊ (၂-ဃ) သစ်တောပညာနှင့် သဘာဝအရင်းအမြစ်များဌာန (Department of Forestry and Natural Resources) တို့ဖြစ်ပါသည်.

(၃) အခြေခံသိပ္ပံများနှင့် လူမှုရေးပညာ ကောလိပ် (College of Basic Sciences and Humanities) ဤကောလိပ်၏ ကြီးကြပ်မှုအောက်တွင် (၃-က) စီးပွားရေးပညာနှင့်လူမှုဗေဒဌာန (Department of Economics and Sociology)၊ (၃-ခ) စိုက်ပျိုးရေးဂျာနယ်၊ ဘာသာစကားနှင့် ယဉ်ကျေးမှုဌာန (Department of Agricultural Journalism, Languages and Culture)၊ (၃-ဃ) ရုက္ခဗေဒဌာန (Department of Botany)၊ (၃-င) ဓာတုဗေဒဌာန (Department of Chemistry)၊ (၃-စ) ဇီဝဓာတုဗေဒဌာန (Department of Biochemistry)၊ (၃-ဆ) သင်္ချာ၊ စာရင်းအင်းပညာနှင့် ရူပဗေဒဌာန (Department of Mathematics, Statistics and Physics)၊ (၃-ဇ) အဏုဇီဝဗေဒဌာန (Department of Microbiology)၊ (၃-ဈ) သတ္တဗေဒဌာန (Department of Zoology) နှင့် ကူးသန်း ရောင်းဝယ်ရေးပညာ အဆင့်မြင့်ကျောင်း (School of Business Studies) တို့ရှိပါသည်။

(၄) စိုက်ပျိုးရေးအင်ဂျင်နီယာနှင့်နည်းပညာ ကောလိပ် (College of Agricultural Engineering and Technology) ဤကောလိပ်၏ ကြီးကြပ်မှုအောက်တွင် (၄-က) မြို့ပြ အင်ဂျင်နီယာဌာန (Department of Civil Engineering)၊ (၄-ခ) လျှပ်စစ်အင်ဂျင်နီယာနှင့်ဆက်သွယ်ရေးနည်းပညာဌာန (Department of Electrical Engineering and Information Technology)၊ (၄-ဂ) စက်မှုလယ်ယာနှင့် အင်ဂျင်ဆိုင်ရာ အင်ဂျင်နီယာဌာန (Department of Farm Machinery and Power Engineering)၊ (၄-ဃ) စက်မှုအင်ဂျင်နီယာဌာန (Department of Mechanical Engineering)၊ (၄-င) အစားအစာနှင့် ထုတ်လုပ်မှုဆိုင်ရာ အင်ဂျင်နီယာဌာန (Department of Processing and Food Engineering)၊ (၄-စ) ပြန်လည်ပြည့်ဖြိုးစွမ်းအင် အင်ဂျင်နီယာဌာန (Department of Renewable Energy Engineering) နှင့် (၄-ဆ) မြေဆီလွှာနှင့်ရေ အင်ဂျင်နီယာဌာန (Department of Soil and Water Engineering) တို့ဖြစ်ပါသည်။

(၅) အဖွဲ့အစည်း သိပ္ပံကောလိပ် (College of Community Science) ဤကောလိပ်၏ ကြီးကြပ်မှုအောက်တွင် (၅-က) ချည်ထည်ဆိုင်ရာ သိပ္ပံဌာန (Department of Textile Science)၊ (၅-ခ) ပညာပေးရေးနှင့် ဆက်သွယ်ရေး စီမံခန့်ခွဲမှု ပညာဌာန (Department of Extension Education and Communication Management)၊ (၅-ဂ) မိသားစု အရင်းအမြစ်ဆိုင်ရာစီမံခန့်ခွဲမှုဌာန (Department of Family Resource Management)၊ (၅-ဃ) အစားအစာနှင့် အာဟာရဗေဒဌာန (Department of Food and Nutrition)၊ (၅-င) လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုနှင့် မိသားစုလေ့လာရေးဌာန (Department of Human Development and family Planning) တို့ဖြစ်ပါသည်။

သတိထားမိတာက ဤတက္ကသိုလ်မှာ ကျွန်တော်တို့နိုင်ငံမှာ မရှိသေးတဲ့၊ မကြားဖူးသေးတဲ့ ဘာသာရပ်တွေ အများကြီးတွေ့ရပါသည်၊ ဒါတောင် ပန်ဂျပ် စိုက်ပျိုးမွေးမြူ ရေး တက္ကသိုလ်၊ တစ်ကျောင်းတည်းရှိပါသေးတယ်။ အိန္ဒိယနိုင်ငံ ကျန်သော စိုက်ပျိုး မွေးမြူရေး တက္ကသိုလ်များတွင် သင်ကြား၊ သုတေသနပြုနေသော တောင်သူကြီးများ အကျိုးပြု ဘာသာရပ် များစွာ ရှိနိုင်ပါသေးသည်။

အိန္ဒိယနိုင်ငံတွင် ပုဂ္ဂလိက ကဏ္ဍမှ စိုက်ပျိုးမွေးမြူရေး ပညာရပ်များကို သင်ကြား ပို့ချ ပေးနေသော တက္ကသိုလ်၊ ကောလိပ် များစွာရှိပါသည်။ ကျွန်တော်တို့ နိုင်ငံပေါင်းစုံမှ ကောင်းနိုးရာရာ၊ အတုယူစရာများကိုလေ့လာ ဆည်းပူးရင်း ဖွံ့ဖြိုးတိုးတက် အောင် ဆောင်ရွက်နိုင်ပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တော၊ ပတ်ဝန်းကျင်သိပ္ပံ၊ အင်ဂျင်နီယာနှင့်နည်းပညာ၊ ပညာရေး စသည်တို့မှာ တစ်ဦးတစ်ယောက်တည်း၊ တစ်ဘာသာတည်း ဆောင်ရွက်သည်ထက်စာလျှင် စုပေါင်းလုပ်ဆောင်မှုက စုပေါင်းညှိနှိုင်း ဆောင်ရွက်မှု၏ အကျိုးရလဒ် (Synergy; Synergic Effects) ရနိုင်၍ ကျွန်တော်တို့ စိတ်ကူးယဉ်ပြီး ဘာသာရပ်ပေါင်းစုံချဉ်းကပ်မှုပုံစံ (Multi-disciplinary Approach or Comprehensive Approach) နှင့် သွားရောက်ပါက ပိုမိုအကျိုးဖြစ်ထွန်းကြမည်ဟု ယုံကြည်ပါသည်။

ထို့ကြောင့် ရွှေရောင်လွင်ပြင် အစိုးရမဟုတ်သောအဖွဲ့ (Golden Plain Local NGO) အနေနှင့် ယခုအဝေးမှ လက်မှတ်ရသင်တန်းများ (Online Certificate Courses) စတင် ပေးနေရာတွင်လည်းကောင်း၊ စနေနေ့ည ၈-နာရီတိုင်း ဗဟုသုတမျှဝေမှု အစီအစဉ် (KSP – Knowledge Sharing Program) ပြုလုပ်နေရာတွင်လည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တော၊ ပတ်ဝန်းကျင်သိပ္ပံ၊အင်ဂျင်နီယာနှင့် နည်းပညာ၊ ပညာရေး စသည်တို့ အချိုးညီစွာ ပါဝင်နိုင်အောင် ကြိုးစားလျက်ရှိနေပါသည်။

(စနေနေ့ည ၈-နာရီတိုင်း Zoom ID: 929 239 1478; Passcode: ASDF2021 တွင် တောင်သူဦးကြီးများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ပြည်သူပြည်သား အားလုံး ပါဝင် နားထောင်ဆွေးနွေးနိုင်ပါရန်ဖိတ်ခေါ်အပ်ပါသည်။)

ကျွန်တော်တို့နိုင်ငံ လယ်ယာကဏ္ဍမှ ဖွံ့ဖြိုးတိုးတက်စေရန်၊ ပညာရပ်ပေါင်းစုံ၊ ဘက်ပေါင်းစုံမှ စုပေါင်းဆောင်ရွက်ရန် ဆန္ဒပြုရင်း ကြိုးစားကြပါစို့။

(စုပေါင်း ညီညာ အောင်ကြောင်း ဖြာပါ)

(ဆက်လက်ရေးသားပါဦးမည်)

ဒေါက်တာမျိုးကြွယ်

Agribiz News www.agribiznews.com.mm




## ဆန်

ယခုရက်သတ္တပတ်အတွက်ဆန်စပါးကုန်စည်ဒိုင်(ဝါးတန်းလမ်း)တွင်ထုတ်ပြန်ထားသည့် ဆန်ဈေးနှုန်းများအရ ရွှေဘိုပေါ်ဆန်းဆန် အလတ်စ တစ်တင်းခွဲ တစ်အိတ်လျှင် ၁၄၀၀၀၀ ကျပ်နှုန်းနှင့် အောက်စတစ်အိတ်လျှင် ၁၃၅၀၀၀ ကျပ်နှုန်း၊ ဖျာပုံပေါ်ဆန်း အလတ်စတစ်တင်းခွဲ တစ်အိတ်လျှင် ၁၁၅၀၀၀ကျပ်နှုန်းနှင့် အောက်စတစ်အိတ် လျှင် ၁၁၀၀၀၀ကျပ်နှုန်း၊ ပေါ်ကျွဲဆန် အလတ်စတစ်တင်းခွဲ တစ်အိတ်လျှင် ၁၀၂၀၀၀ ကျပ်နှုန်းနှင့် အောက်စတစ်အိတ်လျှင် ၁၀၀၀၀၀ကျပ်နှုန်း၊ ဧည့်မထ ဆန်ဟောင်း အလတ်စ တစ်တင်းခွဲတစ်အိတ်လျှင် ၆၇၀၀၀ ကျပ် နှင့် အောက်စ တစ်တင်းခွဲ တစ်အိတ်လျှင် ၆၆၀၀၀ ကျပ်နှုန်း၊ ငစိန်ဆန် အလတ်စတစ်တင်းခွဲ တစ်အိတ်လျှင် ၇၁၀၀၀ ကျပ်နှုန်းနှင့် အောက်စတစ်အိတ်လျှင် ၇၀၀၀၀ကျပ်နှုန်းဖြင့် အသီးသီးရောင်းဝယ်လျက်ရှိကြောင်းသိရသည်။ ယခင်ရက်သတ္တပတ်ဈေးနှုန်းများနှင့် နှိုင်းယှဉ် ပါက ဧည့်မထဆန်တစ်အိတ်လျှင် ၂၀၀၀ ကျပ်ခန့်နှင့် ငစိန်ဆန်တစ်အိတ်လျှင် ၁၀၀၀ ကျပ်နှုန်း ဈေးနိမ့်လာခဲ့ခြင်းဖြစ်သည်။ ထိုသို့ဈေးနိမ့်လာခြင်းမှာ ပြည်တွင်း/ပြည်ပ ဝယ်လက်များ အရောင်း အဝယ်အေးခြင်း၊ မိုးတွင်းကာလဖြစ်၍ ရာသီဥတုအခက်အခဲနှင့် ကုန်သေတ္တာရရှိရန်ဈေးနှုန်းကြီးမြင့်မှုအခက်အခဲများကြောင့် ဆန်တင်ပို့မှု နှောင့်နှေးခြင်း။ ပြည်တွင်း၌ ဆန်လက်ကျန်နှင့်အရန်ဆန်များ ဖူလုံမှုရှိနေခြင်း၊ ပြည်တွင်းဈေးကွက်တည်ငြိမ် စေရန်နှင့်ဖူလုံစေရန်အလေးထား ဆောင်ရွက်နေချိန်ဖြစ်ခြင်း၊ ၊ငစိန်ဆန်အား ပြည်တွင်းသုံးစွဲမှုမရှိသလောက် နည်းခြင်းတို့ကြောင့်ဟု သိရှိရသည်။ အထက်ပါဆန်ဈေးနှုန်းများမှာ ဆန်ဈေးနှုန်းများ တည်ငြိမ်ကျဆင်းစေရေး၊ စားသုံးသူပြည်သူများ သက်သာသော ဈေးနှုန်း များဖြင့် ဝယ်ယူစားသုံးနိုင်ရေး၊သိုလှောင်ဈေးကစားမှုများမဖြစ်ပေါ်စေရေးအတွက် မြန်မာနို်ငငံ ဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်းတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် သတ်မှတ်ထားသော ရည်ညွှန်းဈေးနှုန်းများဖြစ်သည်။ နေပြည်တော်၊ မန္တလေး၊ ရန်ကုန်မြို့ကြီးများ၏ လက်လီဈေးကွက်များတွင် ရည်ညွှန်းဈေးနှုန်းများထက် ၈ ရာခိုင်နှုန်းခန့်သာ ပိုသောဈေးနှုန်းများဖြင့် လက်လီရောင်းချပေးနိုင်ရန်လည်းစီစဉ်ထားရှိပြီးဖြစ်သည်။ ဘင်္ဂလားဒေ့ရှ်၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှားနှင့် အာဖရိက နိုင်ငံ အချို့သို့ တင်ပို့မှုများလည်းရှိကြောင်းသိရသည်။ ရန်ကုန်ဈေးကွက်သို့ ဖျာပုံ၊ မော်ကျွန်း၊ ဘိုကလေး၊ ကွမ်းခြံကုန်း၊ ဒေဒရဲ၊ ကော့မှူး၊ တွံတေး၊ ဝါးခယ်မ၊ မြောင်းမြ၊ ကျိုက်လတ်၊ လပွတ္တာ၊ ရွှေဘို ဒေသများမှ ဆန်ဝင်ရောက်မှု နည်းခဲ့ကြောင်း သိရသည်။

## အစေ့ထုတ်ပြောင်း

အစေ့ထုတ်ပြောင်းများအား ထိုင်းနိုင်ငံသို့ အကောက်ခွန်လွတ်တင် နိုင်သော နောက်ဆုံးလဖြစ်ခြင်း၊ ပြည်တွင်း ပြောင်းလက်ကျန်နည်းလာခြင်းနှင့် အစာစပ်လုပ်ငန်းများမှ ပုံမှန်ဝယ်ယူမှုရှိခြင်းတို့ကြောင့် အစေ့ထုတ်ပြောင်းဈေးနှုန်းများ ယခင်အပတ်ထက် ဈေးမြင့်လာခဲ့သည်။ အစေ့ထုတ်ပြောင်း ၅၄ ပိဿာလျှင် ယခင်အပတ်ပျမ်းမျှ ဈေးနှုန်းမှာ ၇၈၃၀၀ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၈၅၈၆၀ ကျပ်သို့ ရောက်ရှိဈေးမြင့်ခဲ့သည်။ အစေ့ထုတ်ပြောင်းများအား ထိုင်း၊ ဗီယက်နမ်၊ အိန္ဒိယ၊ ဖိလစ်ပိုင်နိုင်ငံများသို့ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ဂိတ်အချို့မှ တင်ပို့မှုရှိခဲ့ကြောင်း သိရသည်။

## ပဲမျိုးစုံ

ပဲမျိုးစုံ အဓိကဝယ်လက်ဖြစ်သော အိန္ဒိယနိုင်ငံတွင် ပဲမျိုးစုံ သိုလှောင်မှုကန့်သက်ချက် များကို ၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၃၀ ရက်နေ့အထိ သတ်မှတ်ထားရှိခြင်းကြောင့် အိန္ဒိယရှိ မတ်ပဲ၊ ပဲစင်းငုံ ဈေးနှုန်းများ ကျဆင်းလာခြင်းနှင့်အတူ မြန်မာ့မတ်ပဲဈေးနှုန်းများ ဇူလိုင်လ အတွင်းဈေးနိမ့်ခဲ့သည်။ မိုးစိုက်ပဲကေများ တိုးတက်မှုရှိခဲ့ခြင်းနှင့်နွေမတ်ပဲအချို့ ကုန်အဝင်ရှိ ခဲ့ခြင်း၊ မိုးစိုက်ပဲများ၏အခြေခံဈေးနှုန်းများအား တိုးမြှင့်သတ်မှတ်ပေးထားခြင်း စသည့်အခြေ အနေများကလည်း မြန်မာ့မတ်ပဲ၊ ပဲစင်းငုံဈေးနှုန်းများ ဈေးနှုန်းကျဆင်းရန် အခြေအနေများ ဖြစ်ပေါ်စေခဲ့ပြီး ဝယ်လိုအားများလည်း ကျဆင်းခဲ့ခြင်းဖြစ်သည်။ ယခုအခါ အိန္ဒိယနိုင်ငံ၏ မိုးလေဝသခန့်မှန်းချက်များအရ ဩဂုတ်လ သို့မဟုတ် စက်တင်ဘာလအကုန်တွင် အိန္ဒိယ နိုင်ငံ၌ လာနီညာရာသီဥတု ဖြစ်ပေါ်လာနိုင်ဖွယ်ရှိခြင်းကြောင့်လည်းကောင်း၊ မြန်မာ့ပဲများ ဈေးနိမ့်နေချိန်တွင် အဝယ်များလာခြင်းကြောင့်လည်းကောင်း မြန်မာ့ပဲ မျိုးစုံများ ဈေးမြင့်လာခဲ့သည်။ သို့ဖြစ်၍ မတ်ပဲ (သဘော်တင်)တစ်တန်လျှင် ယခင် အပတ်ပျမ်းမျှဈေးနှုန်း ၃၄၂၀၀၀၀ ကျပ်မှ ယခုအပတ်ဈေးနှုန်း ၃၇၉၃၀၀၀ ကျပ်သို့ ရောက်ရှိ ဈေးမြင့်လာခဲ့သည်။ ယခုရက်သတ္တပတ်အတွင်း ကုန်စည်ဒိုင်ဖွင့်ရက် ၆ ရက် ရှိခဲ့ပြီး မတ်ပဲကုန်သေတ္တာ ၁၂၀ လုံးခန့် အရောင်းအဝယ်ဖြစ်ခဲ့သည်။ အလားတူပင် ပဲစင်းငုံ (သဘော်တင်)တစ်တန်လျှင် ယခင် အပတ်ဈေးနှုန်းမှာ ၄၂၈၂၀၀၀ကျပ်ဖြစ်ပြီး ယခုအပတ် ဈေးနှုန်းမှာ ၄၇၂၅၀၀၀ ကျပ်သို့ ရောက်ရှိ ဈေးမြင့်ခဲ့သည်။ ပဲစဉ်းငုံမှာမူ မာလာဝီ၊ မိုဇမ်ဘစ်နိုင်ငံများထံမှ ဝယ်ယူရရှိနေခြင်းကြောင့် မြန်မာပဲစင်းငုံများအား ဝယ်လိုအားနည်းခဲ့ကြောင်း သိရှိရသည်။ ယခုရက်သတ္တပတ်အတွင်း ကုန်စည် ဒိုင်ဖွင့်ရက် ၆ ရက်ရှိခဲ့သော်လည်း အရောင်းအဝယ်ဖြစ်မှု မရှိ သလောက်နည်းခဲ့ကြောင်းသိရသည်။ ပဲတီစိမ်း ၃ တင်း/ ၆၀ ပိဿာလျှင် ယခင်အပတ် ပျမ်းမျှဈေးနှုန်းမှာ ၂၃၂၅၀၀ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၂၄၄၉၅၀ ကျပ်သို့လည်းကောင်း၊ ကုလားပဲခြမ်းတစ်ပိဿာလျှင် ယခင်အပတ်ပျမ်းမျှဈေးနှုန်းမှာ ၅၈၇၅ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၆၉၂၅ ကျပ်သို့ လည်းကောင်း ရောက်ရှိဈေးမြင့်ခဲ့သည်။ ပဲလွမ်းဖြူ ၃ တင်း/ ၆၀ ပိဿာလျှင် ယခင်အပတ်ပျမ်းမျှဈေးနှုန်းမှာ ၂၅၀၀၅၀ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၂၅၅၀၀၀ ကျပ်သို့ လည်းကောင်း၊ ဘိုကိတ်ပဲ ၃ တင်း/ ၆၀ ပိဿာလျှင် ယခင်အပတ်ပျမ်းမျှ ဈေးနှုန်းမှာ ၂၉၀၁၀၀ ကျပ်ဖြစ်ပြီး ယခုအပတ် ဈေးနှုန်းမှာ ၂၉၄၉၀၀ ကျပ်သို့ လည်းကောင်း ရောက်ရှိဈေးမြင့်ခဲ့သည်။ပဲပုပ်မှာ ဆီလုပ်ငန်း ရှင်များမှ ဝယ်လိုအားရှိခြင်းကြောင့် ၃ တင်း/ ၆၀ ပိဿာလျှင် ယခင်အပတ်ပျမ်းမျှဈေးနှုန်းမှာ ၃၂၅၀၅၀ ကျပ် ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၃၆၄၉၅၀ ကျပ်သို့ ရောက်ရှိဈေးမြင့်ခဲ့ခြင်းဖြစ်သည်။ ထောပတ်ပဲမှာမူ အရည်အသွေးနိမ့်ခြင်းနှင့် ဝယ်လိုအားနည်းခြင်းတို့ကြောင့် ၃ တင်း/ ၆၀ ပိဿာလျှင် ယခင်အပတ် ပျမ်းမျှဈေးနှုန်းမှာ ၄၁၁၉၀၀ ကျပ် ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၄၀၁၇၀၀ ကျပ်သို့ ရောက်ရှိဈေးနိမ့်ခဲ့သည်။

## စားသုံးဆီ

ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သောနိုင်ငံများတွင် ဖြစ်ပေါ်လျက်ရှိသော ဈေးကွက် ဈေးနှုန်းများအပေါ် အခြေခံ၍ စားအုန်းဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း၊ လုပ်ငန်းကြီးကြပ်မှု ကော်မတီ၏ ၂၀၂၄ ခုနှစ်၊ ဩဂုတ် ၁၂ ရက်မှ ၁၈ ရက်အထိ ကာလအတွက် ထုတ်ပြန်ထားသော ရန်ကုန်အထိုင်လက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ၅၉၄၅ ကျပ်ဖြစ်ပြီး ယခင်အပတ်ဈေးနှုန်းမှာ ၅၇၈၀ကျပ်ဖြစ်သည်။ ယခင်အပတ်ထက် ဆီတစ်ပိဿာလျှင် ၁၆၅ ကျပ်နှုန်း ဈေးမြင့်သွားသည်။ မေလစတုတ္ထပတ်မှစတင်၍ စားအုန်းဆီ ရည်ညွှန်းဈေးနှုန်းများ တဖြည်းဖြည်း ဈေးမြင့်လာခဲ့ခြင်းဖြစ်သည်။ မြေပဲ၊ နှမ်း၊ ပဲပုပ်၊ နေကြာစသော ဆီထွက်သီးနှံများ ဈေးမြင့်နေခြင်းကြောင့် စားအုန်းဆီများအား စားသုံးသူများမှ ဝယ်လိုအားမြင့်တက်လျက်ရှိသည်။ ပြင်ပရှိ လက်လီဈေးနှုန်းများမှာ စားအုန်းဆီ တစ်ပိဿာလျှင် ၁၄၀၀၀ ကျပ်ဝန်းကျင်ရှိကြောင်းသိရသည်။

**အေးသန္တာဝင်း**

---

စာ-၁၃ မှ

တစ်လုံး ၂၀၀၀ကျပ်၊ ရွှေသခွားတစ်လုံး ၁၅၀၀ကျပ် ဈေးဖြင့် မှာယူသောမြို့များသို့ တင်ပို့မှုရှိသည်။ သီပေါနာနတ်သီးများ လှိုင်လှိုင်ဝင်ရောက်ပြီး မြို့တွင်း သစ်သီးဆိုင်၊ နာနတ်ယိုသမားများ အဝယ်ရှိပြီး အရည်အသွေးပေါ်မူတည်၍ ၅၀၀မှ ၁၀၀၀ကျပ်ဖြင့် ရောင်းဝယ်မှုရှိသည်။ ရင်ကွဲသရက်သီးများလည်း ၅၀လုံးဝင်ခြင်းများဖြင့် ဝင်ရောက်ပြီး တစ်ခြင်းလျှင် ၂၀၀၀၀ကျပ် တရုတ်စပျစ်သီး ၃ပိဿာခွဲဝင် တစ်ခြင်း ၆၅၀၀၀ကျပ်၊ ဆားတောင် မြင်းမူတို့မှ သဘော်သီးများဝင်ရောက်ပြီး ၂လုံးတွဲ တစ်ထုပ် ၂၅၀၀ကျပ်ဖြင့် ရောင်းချနေသည်။ သစ်သီးမျိုးစုံကို ရွှာင်၊ တန့်ဆည်၊ မုံရွာနှင့် အမှာရှိသောမြို့များသို့ တင်ပို့မှုရှိသည်။

**ခင်မေကြည်**

## ဆန်နှင့် ဆီ

ရန်ကုန်ပေါ်ဆန်း စတင်ဝင်ရောက်ခြင်း၊ မြို့တွင်းသုံး ဝယ်ယူမှုများခြင်းကြောင့် တစ်အိတ် ၁၂၅၀၀၀ ကျပ်မှ ၁၃၀၀၀၀ ကျပ်သို့ ဈေးမသိမသာ မြင့်သွားပြီး ရွှေဘိုပေါ်ဆန်းမှာ အဝင်ပုံမှန်၊ စားသုံးမှုပုံမှန်ရှိခြင်းကြောင့် တစ်အိတ် ၁၄၅၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ မနောသုခဆန်မှာ အဝင်ပုံမှန်၊ စားသုံးမှုပုံမှန်ရှိခြင်းကြောင့် တစ်အိတ် ၉၀၀၀၀ ကျပ်ဖြင့် ဈေးငြိမ်နေသည်။ ငစိန်ဆန်ဈေးနှုန်းအနေဖြင့် အဝင်နည်းခြင်း၊ လုပ်ငန်းသမား ဝယ်ယူမှု များခြင်းကြောင့် ယခင် အပတ် ၇၀၀၀၀ ကျပ်မှ ၇၅၀၀၀ ကျပ်သို့ ဈေးမြင့်သွားပြီး ဧယာဆန်မှာ အသစ်အဝင်နည်းသေးခြင်း အဝင်ပုံမှန် မြို့တွင်းပုံမှန် ဝယ်ယူမှုပုံမှန်ရှိခြင်းကြောင့် အဟောင်းတစ်အိတ် ၉၅၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ ဧရာမင်းဆန်မှာ အသစ်ဝင်ရောက်မှုရှိပြီး အဝယ်ပုံမှန်မြို့တွင်းစားသုံးမှု ပုံမှန်ရှိပြီး နယ်ဝေးတင်ပို့ရမှုနည်းခြင်းကြောင့် တစ်အိတ်၁၃၀၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ် နေသည်။

စားသုံးဆီဈေးနှုန်းအနေဖြင့် မိုးမြေပဲမဝင်သေးခြင်း၊ ဆောင်းလက်ကျန်နည်းသဖြင့် မြေပဲ(ဆီဆန်) အမြင့်ဈေးဖြင့်ဝယ်ယူကြိတ်ခွဲရခြင်းကြောင့် တစ်ပိဿာလျှင် ၁၉၀၀၀ ကျပ်၊ နှမ်းဆီ ၁၆၀၀၀ ကျပ်၊ ပဲပုတ်ဆီ ၁၀၅၀၀ ကျပ်၊ ပန်းနှမ်းဆီ တစ်ပိဿာ ၁၄၅၀၀ ကျပ်ဈေးသို့ အသီးသီး မြင့်တက် နေသည်။

## ဆီထွက်သီးနှံ

ဆောင်းလက်ကျန်နည်းခြင်း၊ မိုးမြေပဲ စိုက်ပျိုးထားဆဲ ဖြစ်ခြင်းကြောင့် (မြေပဲ၊ လုံးဆန်)မှာ လုပ်ငန်းသမားပုံမှန်ဝယ်ယူမှုရှိခြင်း၊ တရုတ်ဝယ်လက်ရှိခြင်းကြောင့် ၁၀၀ ပိဿာလျှင် ယခင်အပတ် အရည်အသွေးအကောင်းဆုံး ၉၃၀၀၀၀ ကျပ် မှ ယခုအပတ် ၁၀၀၀၀၀၀ ကျပ်ထိ ဈေးမြင့်သွားပြီး (မြေပဲ၊ ဆီဆန်)မှာလည်း ဆီစက်သမားဝယ်ယူမှုများခြင်း၊ လက်ကျန်နည်းခြင်းကြောင့် ယခင်အပတ် အရည်အသွေးအကောင်းဆုံး ၁၀၀ ပိဿာလျှင် ၈၆၀၀၀ ကျပ်မှ ယခုအပတ် ၁၀၅၀၀၀ ကျပ်ထိ ဈေးများစွာ မြင့်သွားသည်။

နှမ်းဖြူမှာ မိုးနှမ်းဝင်ချိန်နီးခြင်း၊ တရုတ်ဝယ်လက်နည်းခြင်း၊ လုပ်ငန်းသမား ဝယ်ယူမှုသာ ရှိခြင်းကြောင့် ၄၅ပိဿာ အရည်အသွေးအကောင်းဆုံး ၄၃၀၀၀၀ကျပ်မှ ယခုအပတ် ၃၈၅၀၀၀ကျပ်သို့ ဈေးနိမ့်သွားသည်။နှမ်းညိုမှာ မိုးနှင့်အသစ်ဝင်ရောက်ရှိခြင်း၊ ဆီစက်သမားအဝယ်ပုံမှန်ရှိခြင်းကြောင့် ၄၅ပိဿာ ၃၅၀၀၀၀ကျပ်ဖြင့် ဈေးငြိမ်နေသည်။ နှမ်းနက် (စမုံ)မှာ အဝင်ပုံမှန် လုပ်ငန်းသမားအဝယ်ပုံမှန်ရှိပြီး တရုတ်ဝယ်လက် နည်းခြင်းကြောင့် အရည်အသွေးပေါ်မူတည်၍ အညံ့ဆုံး ၄၅ပိဿာ ၅၁၀၀၀၀ကျပ်မှ အကောင်းဆုံး ၆၂၀၀၀၀ကျပ် ထိအမြင့် ဈေးဖြင့်တည်ငြိမ်နေသည်။

ထိ ဈေးအမျိုးမျိုးဖြင့် ရောင်းဝယ်နေသည်။

တရုတ်အာလူးနှင့် အောင်ပန်းအာလူး နှစ်မျိုးလုံး ဝင်ရောက်ပြီး မြို့တွင်းစားသုံးမှုသာရှိသော်လည်း လမ်းပန်းဆက်သွယ်ရေးကြောင့် တရုတ်အာလူး တစ်ပိဿာ ၄၃၀၀ကျပ်၊ အောင်ပန်းအာလူး အိုကေ တစ်ပိဿာ ၃၂၀၀ကျပ်၊ အေဝမ်း တစ်ပိဿာ ၂၈၀၀ကျပ် သို့ ဈေးမြင့်နေသည်။

ချင်းဈေးနှုန်းမှာလည်း မြို့တွင်းစားသုံးမှုသာရှိပြီး နယ်ဝေးတင်ပို့မှု မရှိခြင်းကြောင့် ဥ မ တစ်ပိဿာ ၃၈၀၀မှ ၃၅၀၀ကျပ်သို့ ဈေးနိမ့်သွားပြီး အဝင်နည်း၊ ပင်ရင်းဈေးမြင့်သော အခက်ကြီးမှာ တစ်ပိဿာ ၅၅၀၀ကျပ်မှ ၆၀၀၀ကျပ်သို့ ဈေးမြင့်သွားသည်။

## ပဲမျိုးစုံ

မတ်ပဲအသစ်မဝင်သေးသဖြင့် လက်ကျန်နည်းခြင်းကြောင့် အရောင်းအဝယ်အေးသော်လည်း ၆၀ ပိဿာ ၃၁၅၀၀၀ကျပ်သို့ ဈေးမြင့်သွားသည်။ ပဲတီစိမ်း (အညာ)မှာ မိုးပဲတီစိမ်း အဝင်နည်းသေးခြင်း၊ ထွက်ရှိရာဒေသနှင့် အရည်အသွေးပေါ် မူတည်၍ ဈေးကွာခြားခြင်းကြောင့် အရည်အသွေးအညံ့ဆုံး ၃တင်းတစ်အိတ် ၂၀၀၀၀၀ကျပ်မှ အကောင်းဆုံး ၂၄၀၀၀၀ ကျပ်ထိ မသိမသာမြင့်သွားသည်။ ပဲစဉ်းငုံ (ဖြူ/နီ)တို့မှာ အထွက်နည်း အဝင်နည်း ပစ္စည်းရှားခြင်းကြောင့် အရောင်းဝယ် အေးသော်လည်း ပဲစဉ်းငုံ (ဖြူ) ၃တင်းတစ်အိတ် ၄၀၅၀၀၀ကျပ်မှ ၄၁၅၀၀၀ကျပ်၊ ပဲစဉ်းငုံ (နီ) ၄၂၀၀၀၀ကျပ်မှ ၄၄၀၀၀၀ကျပ်သို့ ဈေးသိသိသာသာမြင့်သွားသည်။ ပဲပုတ်(ရှမ်း/မြန်မာ)တို့မှာ လုပ်ငန်းသမားအဝယ်ပုံမှန်ရှိခြင်း အဝင်ပုံမှန် လုပ်ငန်းသမား အဝယ်ပုံမှန်ရှိခြင်းကြောင့် ၃တင်းတစ်အိတ် ၃၀၅၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေပြီး ပဲပုတ်(ရှမ်း)မှာ ဆီစက်သမားအဝယ်ရှိခြင်းကြောင့် ၃တင်းတစ်အိတ် ၃၅၀၀၀၀ ကျပ်မှ ၃၆၀၀၀၀ကျပ်သို့ ဈေးမြင့်သွားသည်။ ကုလားပဲ(ကုဖြူကြီး)မှာ လုပ်ငန်းသမားအဝယ်ပုံမှန်ရှိခြင်း၊ ရန်ကုန်ဝယ်လက်ရှိခြင်း၊ လက်ကျန်နည်းခြင်း ပစ္စည်းရှားခြင်းကြောင့် ယခင်အပတ် ၃တင်းတစ်အိတ် ၂၅၅၀၀၀ကျပ်မှ ၃၀၀၀၀၀ကျပ်သို့လည်းကောင်း၊ ကုလားပဲ (လုံးဝါကြီး) မှာ မြို့တွင်းစားသုံးရန် ပဲခွဲစက်များ ဝယ်ယူမှုများခြင်း၊ လက်ကျန်နည်းခြင်းကြောင့် ယခင်အပတ် ၃တင်းတစ်အိတ် ၂၄၀၀၀၀ကျပ်မှ ယခုအပတ် ၂၅၇၀၀၀ကျပ်သို့ ဈေးမြင့်သွားသည်။ ကုလားပဲ(ခွဲခြမ်း)မှာမူ လက်လီသမား အဝယ်ပုံမှန်ရှိပြီး အနိမ့်ဆုံးဈေးဖြင့် ကြိတ်ခွဲထားခြင်းဖြစ်၍ တစ်ပိဿာ ၅၈၅၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ စားတော်ပဲ(ကျွန်း)နှင့် မြေထောက်ပဲ၊ ပဲလွန်းဖြူ ပဲလွန်းပြာ တို့မှာ အရောင်းအဝယ်အေးခြင်းကြောင့် စားတော်ပဲ (ကျွန်း) ၃တင်းတစ်အိတ် ၃၀၀၀၀၀ကျပ်၊ မြေထောက်ပဲ ၃၄၅၀၀၀ ကျပ်၊ ပဲလွန်းဖြူ ၂၉၀၀၀၀ ကျပ်၊ ပဲလွန်းပြာ ၂၅၀၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ မိုးပဲ




ပန်းနှမ်း အဝင်နည်း လက်ကျန်နည်းခြင်း ဘယဆေးသမားအပြင် ဆီစက်များ ဝယ်ယူမှုရှိခြင်း၊ ဈေးကွက်အတွင်း ပန်းနှမ်းဆီပါရောင်းချမှုရှိခြင်းကြောင့် ၄၅ပိဿာ ၂၄၀၀၀၀ကျပ်မှ ၂၆၀၀၀၀ကျပ်ထိ ဈေးမြင့်သွားသည်။

မိုးနေကြာအဝင်နည်းသေးခြင်း၊ ဆီစက်သမားအဝယ်နည်းခြင်း၊ ပစ္စည်းရှား ခြင်း ဆောင်းလက်ကျန်နည်းခြင်းကြောင့် အရည်အသွေးညံ့ ၂၇ပိဿာ ၁၄၀၀၀၀ကျပ်၊ အရည်အသွေး အကောင်းဆုံး ၁၅၀၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

## စားဖိုဆောင်သီးနှံ

ငရုတ်ခြောက် (ရှည်) မှာ ကျောက်ဆည်၊ မြစ်သား၊ ဝမ်းတွင်း၊ သာစည်၊ ရမည်းသင်း၊ တပ်ကုန်း စသည်ဖြင့် နယ်စုံမှ ဝင်ရောက်မှု ရှိပြီး တစ်ပိဿာလျှင် ၁၁၀၀၀ကျပ်၊ ငရုတ်ခြောက်(လတ်) မှာ ကသာ၊ ထီးချိုင့်မှ ဝင်ရောက်ပြီး တစ်ပိဿာ ၇၀၀၀ကျပ် ငရုတ်ခြောက်(ပွ)မှာ ရောဝတီတိုင်းမှ ဝင်ရောက်ပြီး အရည်အသွေးပေါ် မူတည်၍ တစ်ပိဿာ ၁၃၀၀၀ကျပ်မှ ၁၅၀၀၀ ကျပ်ဈေးရှိသည်။

ကြက်သွန်နီမှာ မြင်းမူ၊ မုံရွာ၊ မြစ်သား နယ်စုံမှ ဝင်ရောက်မှုရှိပြီး နယ်ဝေးတင်ပို့မှု မရှိခြင်း၊ မြို့တွင်းစားသုံးရန် ဝယ်ယူမှုသာရှိခြင်းကြောင့် ကြက်သွန်နီ(ကြီး) တစ်ပိဿာ ၂၂၀၀ ကျပ်၊ လတ် တစ်ပိဿာ ၂၀၀၀ ကျပ်၊ သေးတစ်ပိဿာ ၁၆၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

ကြက်သွန်ဖြူ(တရုတ်) မှာ လမ်းပမ်းဆက်သွယ်ရေးကြောင့် အဝင်ပုံမှန်ရှိသော်လည်း တစ်ပိဿာ ၁၄၅၀၀ကျပ်မှ ၁၈၀၀၀ ကျပ်ထိ ဈေးများစွာမြင့်သွားသည်။ ကြက်သွန်ဖြူ(ရှမ်း)မှာ အဝင်ပုံမှန် စားသုံးမှုပုံမှန်ရှိခြင်းကြောင့် အရည်အသွေးပေါ်မူတည်၍ တစ်ပိဿာ ၉၀၀၀ကျပ်မှ ၁၁၀၀၀ကျပ်

မဝင်သေးခြင်း၊ လက်ကျန်နည်းခြင်း၊ လုပ်ငန်းသမားအဝယ်သာရှိခြင်းကြောင့် ပဲယင်း ၃တင်းတစ်အိတ် ၁၇၅၀၀၀ကျပ်မှ ၁၇၀၀၀၀ကျပ်သို့လည်းကောင်း၊ ပဲကြီး(ကြီး) ၂၇၅၀၀၀ကျပ်မှ ၂၈၅၀၀၀ကျပ်သို့ လည်းကောင်း ထောပတ်ပဲ(ကြီး)မှာ မိုးပဲမဝင်သေးခြင်း၊ ပြည်ပပို့ရန် ဝယ်ယူမှုရှိခဲ့သဖြင့် လက်ကျန်နည်းသွားခြင်း ကြောင့် ထောပတ်ပဲ(ကြီး) ၃တင်းတစ်အိတ် ၄၀၀၀၀၀ကျပ်၊ ထောပတ်ပဲ(သေး) ၃၅၀၀၀၀ကျပ် အမြင့်ဈေးဖြင့်တည်ငြိမ်နေသည်။

## ဂျုံနှင့်အစေ့ထုတ်ပြောင်း

ယခင်လနှင့် နှိုင်းယှဉ် ပါက ပစ္စည်းရှားခြင်း၊ အသစ်မဝင်သေးခြင်း၊ ဂျုံစက်များ အဝယ်ပုံမှန်ရှိခြင်း နိုင်ငံခြား ဂျုံဈေးမြင့်ခြင်း တို့ကြောင့် ငါန်းဇွန်၊ မုံရွာ၊ ဘုတလင်၊ စစ်ကိုင်း၊ ဆားတောင်၊ ရွှေဘို၊ မြင်းမူ၊ မြောင် ဂျုံ ၃တင်းတစ်အိတ် ယခင်လက ၁၇၅၀၀၀ ကျပ်မှ ယခုလတွင် ၂၀၀၀၀၀ ကျပ်သို့လည်းကောင်း၊ ရှမ်းဂျုံတစ်အိတ် ၁၇၀၀၀၀ကျပ်မှ ၁၇၅၀၀၀ကျပ်သို့ ဈေးအသီးသီးမြင့်သွားသည်။ ဩစတေးလျဂျုံမှုန့် တစ်ပိဿာ ၃၅၀၀ကျပ်မှ ၃၇၀၀ကျပ်သို့ ဈေးမြင့်သွားသည်။

အစေ့ထုတ်ပြောင်းမှာ မိုးပြောင်းဝင်ချိန်နီးခြင်း၊ မြို့တွင်းအစာစပ်သမားအဝယ်သာရှိခြင်း ကြောင့် ၃တင်းတစ်အိတ် ၇၃၀၀၀ကျပ်မှ ၇၂၀၀၀ ကျပ်သို့ ဈေးနိမ့်သွာသည်။

## သစ်သီးဝလံ

မန္တလေးကိုင်းတန်းဈေးတွင် သစ်သီးဝလံဈေးနှုန်းအနေဖြင့် ဖရဲသီး တစ်လုံးလျှင် အရည်အသွေး ပေါ်မူတည်၍ ၁၅၀၀မှ ၁၈၀၀ကျပ်၊ သခွားမွှေး

စာ-၁၂ သို့

# သဘာဝကပေးအစာနှင့်ဆေး

## ကြေးမုံငယ်




မိုးကျလက်ဖက်၊ သီလရှင်လက်ဖက်၊ ပြည်နိဗ္ဗာန်လက်ဖက်ဟု အမည်နာမမျိုးစုံ ခေါ်ဝေါ်ကြသည့် အရွက်မှာ ဒန့်ကျွဲပင်မှ ရရှိပြီး ယင်းကို ပြုပြင်စီမံကာ စားသုံးကြခြင်းဖြစ်၏။ ဒန့်ကျွဲပင်၏ အင်္ဂလိပ်အမည်မှာ coffee pod, sickle senna, sickle pod ဟု ခေါ်ဆိုကြ၏။ ယင်း၏ ရုက္ခဗေဒအမည်မှာ Senna tora (L.) Roxb. ဟု ခေါ်ဆိုပြီး မျိုးရင်း Fabaceae တွင်ပါဝင်၏။ ဒန့်ကျွဲပင်သည် အာဖဂန် နစ္စတန်၊ အိန္ဒိယ၊ နိုင်ဂျီးရီးယား၊ တရုတ်၊ ပါကစ္စတန်၊ မြန်မာ၊ နီပေါလ်နှင့် ဘူတန်နိုင်ငံတို့တွင် ကျယ်ကျယ်ပြန့်ပြန့်ရှင်သန်ဖြစ်ထွန်း၏။ နီပေါလ်နိုင်ငံတွင် ဟိမဝန္တာတောင်တန်း တစ်လျှောက် ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၁၄၀၀ မီတာတွင် ပေါက်ရောက် ဖြစ်ထွန်း၏။ ထိုမှတစ်ဆင့် အိန္ဒိယ၊ သီရိလင်္ကာ၊ တရုတ်နိုင်ငံ အနောက်ဘက်နှင့် အပူပိုင်းရာသီဥတုရှိသည့်ဒေများရှိ သစ်တောများနှင့် တိုင်းရင်းသား မျိုးနွယ်စုများ နေထိုင်ရာဒေသတို့သို့ ပျံ့နှံ့ပေါက်ရောက်ဖြစ်ထွန်း၏။

ဒန့်ကျွဲပင်သည် တစ်နှစ်ခံ မြေကပ်ပင် အပင်ပု အမျိုးအစားဖြစ်ပြီး အပင်အမြင့် တစ်ပေခန့်သာရှိ၏။ မိုးဦးကျ ကာလ အပင်ပေါက်လေးများ ပေါက်ပြီး အပင်အမြင့် တစ်ထွာသာ သာ ခန့် ရှိ သည့် အ ချိန် တွင် အညွန့်နုလေးများကို ဆွတ်ခူး နိုင်ပြီဖြစ်၏။ အရွက်လေးများမှာ စုံလိုက်ထွက်တတ်ပြီး ရွက်ရိုးတံတစ်ခုတွင် အရွက်လေးများ ၃ စုံမှ ၄ စုံအထိ ထွက်တတ်၏။ အညွန့်နုလေးများ ခူးဆွတ်လိုက်သည့်နေရာမှ နောက်ထပ် အတက်သစ်လေးများထွက်ပြီး အညွန့်နှင့် ရွက်နုများ ဝေဖြာလာ၏။



ဒန့်ကျွဲပင်မှာ အပင်ငယ်ငယ်နှင့် ပန်းပွင့်၊ အသီးသီးသည့်အတွက် ရှေးလူကြီးများက အရွယ်မရောက်သေးသူများ အိမ်ထောင်သားမွေးပြုကြသည့်အခါ ထိုအပင်နှင့် ခိုင်းနှိုင်းကာ "ဒန့်ကျွဲပင် ပုခက်ဆင်" ဟူသည့် စကားမျိုးဆိုထားခဲ့ကြ၏။ ဒန့်ကျွဲပင်၏ အဖူးနှင့်ပန်းပွင့်မှာ အဝါရောင်ရှိပြီး အသီးမှာ အတောင့်ရှည် ပုံ သဏ္ဌာန်ဖြစ်ပြီး သီးတောင့်တစ်ခုတွင် အစေ့ငယ် ၃၀ မှ ၅၀ အထိ ပါဝင်၏။

ဒန့်ကျွဲအညွန့်ရွက်နုလေးများကို ဆူးဆွတ်ပြီးသည့်အခါ ရေနွေးပွက်ပွက်ဆူတွင် ခဏတာရေနွေးဖျောပြီးမှ လက်နှစ်ဖက်ဖြင့် သေချာဆုပ်ကာ အရည်များကို ကုန်အောင် ညှစ်ထုတ်ပစ်ပါ။ ပြီးလျှင် ဖက်ရွက်လေးများဖြင့် ထုပ်ထားပြီး နှီးများဖြင့် သေချာစည်းနှောင်ထားပြီးလျှင် စဥ့်အိုးထဲတွင် ရက်ကြာကြာ ရေစိမ်ထားရ၏။ စားသုံးခါနီးမှ ယင်းလက်ဖက်ထုပ်လေးများကို ဆယ်ယူ၊ ရေစစ်ကာ နှစ်သက်ရာ အဆာပလာလေးများ ထည့်ကာ သုပ်စားကြ၏။ မိုးကျလက်ဖက်ထုပ်လေးများကို သီလရှင်ဆရာလေးများကအစပြုပြီး ပြုလုပ်ခဲ့သည့်အတွက် သီလရှင်လက်ဖက်ဟုလည်း တင်စားခေါ်ဝေါ်ကြခြင်းဖြစ်၏။

ဒန့်ကျွဲပင်တွင် အမျှင်ဓာတ်၊ ပရိုတင်းဓာတ်နှင့် ကာဘိုဟိုဒရိက်တို့အပြင် ခန္ဓာကိုယ်၏ ကိုယ်ခံစွမ်းအားစနစ် အတွက် အဓိကလိုအပ်သည့် ကယ်လ်စီယမ်၊ အိုင်းယွန်း၊ ဆိုဒီယမ်၊ မဂ္ဂနီစီယမ်၊ သွပ်ဓာတ်၊ မဂ္ဂနိစ်၊ ကိုဘော့လ်တ်နှင့် ပိုတက်စီယမ်ဓာတ်တို့ ကြွယ်ဝစွာပါဝင်၏။ ဒန့်ကျွဲပင်၏ အညွန့်ရွက်နုလေးများကို ဟင်းသီးဟင်းရွက်အဖြစ် ချက်ပြုတ်စားသုံးကြပြီး အစေ့ကို အခြောက်လှန်းပြီး အမှုန့်ပြုလုပ်ကာ ကော်ဖီအစားထိုးပြီး သောက်သုံးကြ၏။

- အိန္ဒိယနှင့် အရှေ့တောင်အာရှနိုင်ငံများတွင် တိုင်းရင်းရိုးရာဆေးအဖြစ် ဒန့်ကျွဲပင်၏ အရွက်၊ အညွန့်၊ ပန်းပွင့်၊ ပင်စည်၊ အမြစ် အစရှိသည့် အပင်အစိတ်အပိုင်းများကိုဆေးဖက်ဝင်အဖြစ် အသုံးပြုကြ၏။

- ဒန့်ကျွဲအစေ့နှင့် အရွက်များကို အရေပြားရောဂါများအတွက် ဆေးအဖြစ် အသုံးပြုကြ၏။

- ဝမ်းချုပ်သူများအတွက်လည်း ဒန့်ကျွဲရွက်ကို ဝမ်းပျော့စေရန်အတွက် စားသုံးကြ၏။

- ကိုရီးယားနိုင်ငံတွင် အမြင်အာရုံ အားကောင်းစေရန်နှင့် မျက်လုံး ကျန်းမာရေးအတွက် ခါးသက်သော အရသာနှင့် ကော်ဖီရနံ့သင်းပျံ့နေသည့် ဒန့်ကျွဲစေ့လှော်ကို ရေနွေးကြမ်းပြုလုပ်ကာ သောက်သုံးကြ၏။

- ဒန့်ကျွဲပင်တွင် ကပ်ပါးကောင်များကို သေစေနိုင်စွမ်း၊ ပိုးမွှားများကို သေစေနိုင်စွမ်းရှိ၏။

- အရေပြား ရောဂါများဖြစ်သည့် အနာကြီးရောဂါ၊ ပွေး၊ ဝဲ၊ နှင်းခူ၊ ရေယုန်အစရှိသည့် ယားနာများ၊ ကြွက်နို့၊ ကြမ်းထော်သော အနီပိမ့်များ ထသည့် အရေပြားရောဂါများအတွက် ဒန့်ကျွဲပင်ကို ဆေးအဖြစ် အသုံးပြုကြ၏။

- အရေပြားယားနာခြင်းဖြစ်ပါက ဒန့်ကျွဲရွက်၊ ရွက်ရိုးတံနှင့် အမြစ်တို့ကို သတ္တုရည်ပြုလုပ်ပြီး အသုံးပြုခြင်းဖြင့် ဝေဒနာကို သက်သာစေ၏။

- ဒန့်ကျွဲရွက်ကို ပုံမှန် စားသုံးပေးခြင်းဖြင့် အစာအိမ်နှင့် အူလမ်းကြောင်း ကျန်းမာရေးကို အထောက်အကူပြုခြင်း၊ နှာစေးချောင်းဆိုး ရာသီတုပ်ကွေးကို ပျောက်စေခြင်း၊ သွေးသန့်စေခြင်း၊ မျိုးဆက်ပွားကျန်းမာရေးကို အားကောင်း စေခြင်း အစရှိသည့် အကျိုးကျေးဇူးကောင်းများကို ရရှိစေနိုင်၏။

- ဒန့်ကျွဲပင်အစိတ်အပိုင်းများကို မြွေကိုက်လျှင်လည်း မြွေဆိပ်ဖြေဆေး၊ အဆိပ်ရှိသော သတ္တဝါများ အအကိုက်ခံရပါက အဆိပ်ဖြေဆေးအဖြစ် အသုံးပြုကြ၏။

- ဒန့်ကျွဲစေ့ရေနွေးကြမ်းကို ပုံမှန်သောက်သုံးခြင်းဖြင့် သွေးဖိအားပမာဏကို မျှခြေ ဖြစ်စေခြင်း၊ သွေးအတွင်းရှိ မကောင်းသော ကိုလက်စထရောများကို ကျစေခြင်း၊ သွေးပျစ်ခြင်းကို ထိန်းညှိပေးခြင်း၊ ကိုယ်လက်ရောင်ရမ်း နာကို သက်သာနိုင်စေခြင်း၊ အသည်းနှင့် ကျောက်ကပ်ကျန်းမာစေခြင်းအစရှိသည့် ကျန်းမာရေးအကျိုးကျေးဇူး ကောင်းများကို ရရှိစေနိုင်၏။

- ဒန့်ကျွဲစေ့မှ ထုတ်ယူရရှိသည့် အဆီအနှစ်ကို အဆစ်မြစ်ယောင်နာ

စာ-၁၅ သို့



စာ-၁၄ မှ

ကျင်ခြင်း၊ ကြွက်သားများ နာကျင်ခြင်း၊ ခေါင်းကိုက်ခြင်း၊ ကိုယ်လက်ဖောယောင်ခြင်းတို့အတွက် အကိုက်အခဲပျောက်ဆေးအဖြစ် အသုံးပြုကြ၏။

- သီရိလင်္ကာနိုင်ငံတွင် ဒန့်ကျွဲပန်းပွင့်ကို အစားအစာများထဲတွင် ထည့်သွင်းစားသုံးကြ၏။ ဒန့်ကျွဲပင်၏ အစိတ်အပိုင်းများကို တိရစ္ဆာန်အစားအစာများ ထုတ်လုပ်သည့် လုပ်ငန်းတွင် ထည့်သွင်းအသုံးပြုကြ၏။ သဘာဝစိုက်ခင်းများတွင်လည်း သဘာဝပိုးသတ်ဆေးအဖြစ် အသုံးပြုကြ၏။

ဒန့်ကျွဲပင်၏အညွန့်အရွက်နုလေးများကို ရာသီစာ ဟင်းသီးဟင်းရွက်အဖြစ်လည်း ပြင်ဆင်ချက်ပြုတ် စားသောက် တတ်ကြ၏။

- မိုးကျလက်ဖက်ထုပ်မှ နီးများကို ဖြတ်တောက်ပြီး ဖက်ရွက်ကို ဖွင့်လိုက်လျှင် စိမ်းဖန့်ဖန့် ဝါတာတာ မိုးကျ လက်ဖက်လေးများကို တွေ့နိုင်၏။ အနံ့အနည်းငယ်ရှိသော်လည်း ကြိုက်တတ်သူများအတွက် အဆင်ပြေလှ၏။ လက်ဖက်တစ်ထုပ်တွင် ပါဝင်သည့် ပမာဏများလျှင် တစ်ဝက်ကို ဖယ်ပြီး ဗူးသန့်သန့်ထဲထည့်ကာ ဆီမြုပ်အောင် စိမ်ထားပါက နောက်တစ်ကြိမ်စားရန် အသင့်ဖြစ်စေ၏။

- မိုးကျလက်ဖက်ကို ပါးပါးလှီးထားသော ကြက်သွန်နီ၊ ငရုတ်သီးစိမ်း၊ ဆား၊ ငံပြာရည်၊ ဟင်းခပ်မှုန့်အနည်းငယ်၊ ပုစွန်ခြောက်မှုန့်၊ ပဲကျက်မှုန့်၊ မြေပဲဆံထောင်း၊ ပဲဆီမွှေးမွှေးလေး ဆမ်း၊ သံပရာရည် နိုင်နိုင်ညှစ်ပြီး သမအောင် ရောနယ်ပေးပါ။ အနံ့အရသာနှင့် ပြည့်စုံပြီး ဆေးဖက်ဝင်ပြီး ထမင်းမြိန်စေသည့် မိုးကျလက်ဖက်သုပ်လေး ရပါပြီ။

စာ-၉ သို့



ကျောဖုံး-မှ

၆။ အမိုးနီးယားနှင့် ဟိုက်ဒြိုဂျင်ဆာလာဖိုဒ်အဆိပ်အတောက်များကို ဖယ်ရှားပေးပါသည်။

၇။ ကန်ရေ၏ ဓာတုရူပ အရည်အသွေးကို ကောင်းမွန်စေပြီး ကန်ရေ၏ ကြည်လင်မှုကို ဖြစ်ပေါ်စေသည်။

၈။ နုန်းနှင့် အော်ဂဲနစ် အညစ်အကြေးများကို ပြိုကွဲချေပျက်ပြီး ငါးများစားနိုင်သောအစာတစ်ရပ် ဖြစ်လာစေသဖြင့်နုန်းထုလျော့နည်းလာပြီး အစာလိုအပ်ချက်ကို လျော့နည်းစေပါသည်။

၉။ ငါးအသားလွှာ၌ မကောင်းသောအနံ့(Off-Flavour)ဖြစ်ပေါ်မှုကို လျော့နည်းစေပါသည်။

၁၀။ Photosynthetic ဘက်တီးရီးယားများ၏ လုပ်ဆောင်ချက်မှ (Molecular Oxygen) မော်လီကျူလာအောက်စီဂျင်ကို ထုတ်ပေးသဖြင့် D.O အောက်စီဂျင်ကို ထုတ်ပေးသဖြင့် D.O အောက်စီဂျင်ရရှိမှု မြင့်မားလာပါသည်။

၁၁။ ငါးမှုံ့ပြုစုကန်များ၌ E.M Disinfectant ကန်သန့်ဆေးရည်ကို ငါးမှုံ့မထည့်သွင်းမီ ၂ရက် ကြိုတင်ထည့်သွင်းပေးခြင်းဖြင့် ကန်ရေထဲရှိ အင်းဆက်ပိုးမွှားများကို ဖယ်ရှားရှင်းလင်းပေးပြီး ရှင်သန်နှုန်း မြင့်မားစေပါသည်။

ငါးပုစွန်ကန်တွင်း စီးပွားဖြစ်မွေးမြူရေး၌ E.M အဏုဇီဝ အကျိုးပြုဘက်တီးရီးယားများ၏ အခန်းကဏ္ဍသည် အလွန်အကျိုးသက်ရောက်မှု ရှိစေကြောင်းကို ပညာရှင်များမှ လေ့လာတွေ့ရှိကြသဖြင့် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းအသီးသီး၌ သာမက ငါးပုစွန်မွေးမြူရေးလုပ်ငန်းများတွင် သိပ္ပံနည်းကျ မွေးမြူရေးစနစ်အဖြစ် အိန္ဒိယ၊ ဂျပန်၊ တရုတ်တိုင်ပေ၊ကိုရီးယား၊ထိုင်း၊ဗီယက်နမ်၊ မလေးရှား စသော နိုင်ငံများအပြင် ကမ္ဘာတစ်ဝှမ်းအသုံးပြုလာကြပြီဖြစ်ပါကြောင်း မြန်မာနိုင်ငံငါးပုစွန်မွေးမြူရေးလုပ်ငန်း ရှင်များသို့ လေ့လာတင်ပြအပ်ပါသည်။

ဇော်ကြီး(ငါးဦးစီး)

# မြစ်သားမြို့နယ်အတွင်း အင်ဂျင်ပါဝါသုံး ၆ တန်းသွားလက်ဆွဲကောက်စိုက်စက်ဖြင့်မိုးစပါးစိုက်ပျိုးခြင်းသရုပ်ပြ

မြစ်သား၊ ဩဂုတ် ၉

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်အတွင်း ဒေသခံ တောင်သူများအနေဖြင့် လယ်ယာသုံးစက်ကိရိယာများကို တွင်ကျယ်စွာ အသုံးပြုလာစေရေး၊ လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ အသွင်ကူးပြောင်းဆောင်ရွက်နိုင်ရေး ၊ လုပ်သား အင်အားရှားပါးမှုပြဿနာဖြေရှင်းပေးနိုင်ရေး၊အချိန်တိုအတွင်းစိုက်ဧကများစွာကို ထွန်ယက်စိုက်ပျိုးနိုင်ခြင်းနှင့်စပါးအထွက်နှုန်းကောင်းမွန်စေခြင်းစသည့် ကောင်းကျိုးများစွာရရှိစေရန် ရည်ရွယ်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် စက်မှုလယ်ယာဦးစီးဌာန တို့ပူးပေါင်း၍ ၂၀၂၄ - ၂၀၂၅ ခုနှစ်၊ အင်ဂျင်စွမ်းအားသုံး ၆ တန်းသွားလက်ဆွဲကောက်စိုက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း သရုပ်ပြပွဲကို ယနေ့နံနက် ၉ နာရီခွဲက မြစ်သားမြို့နယ် ၊ ကျွန်းလှကျေးရွာ ၊ ကွင်းအမှတ် ၄၃၁ /ခ ၊ ဦးပိုင်အမှတ် ၇၆ / ၁ ရှိ ဒေသခံတောင်သူ ဦးလွန်းမောင်၏ လယ်မြေ ၂ ဒသမ ၅၀ ဧက အတွင်း၌ ကျင်းပ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါသရုပ်ပြပွဲတွင်၊ အင်ဂျင်စွမ်းအားသုံး ၆ တန်းသွား လက်ဆွဲကောက်စိုက် အသုံးပြု၍ စိုက်ပျိုးရာတွင် စိုက်ခင်းလယ်မျက်နှာပြင်ညီညာရန်လိုအပ်ခြင်း၊ ပျိုးခင်းအတွက် နေရာအနည်းငယ်သာလိုအပ်ခြင်း၊ မျိုးစေ့နှုန်းထားအနည်းငယ်ဖြင့်စပါးအထွက်နှုန်းကောင်းမွန်စေခြင်း၊ ကောက်ကွက်နှင့်ကောက်ပင်အတိမ်အနက် လိုအပ်သလိုချိန်ညှိစိုက်ပျိုးနိုင်ခြင်း၊ ပျိုးသက်နုနုဖြင့် စိုက်ပျိုးခြင်း၊ ကောက်ပင်လှန်မြန်ခြင်းနှင့်ပင်ပွားအရေအတွက် များများရရှိခြင်း၊ တစ်ဧက ကောက်ကွက်ပြည့်မီခြင်း အချိန်တိုအတွင်း ဧကများစွာ စိုက်ပျိုးနိုင်ခြင်း၊ ရာသီဥတု ပြောင်းလဲလာ သည်တို့တွင် အချိန်အခါမီ စိုက်ပျိုးနိုင်ခြင်းနှင့် အင်ဂျင်စွမ်းအားသုံး ၆ တန်းသွား လက်ဆွဲ ကောက်စိုက် စက်၏ စက်မှုပိုင်းဆိုင်ရာ အချက်အလက်များကို မြို့နယ်ဦးစီးဌာနမှူးဦးရားကိုင်ထန်းမှ အသေးစိတ် ရှင်းလင်း ပြောကြားခဲ့သည်။

အင်ဂျင်စွမ်းအားသုံး ၆ တန်းသွား လက်ဆွဲကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်းသရုပ်ပြပွဲသို့ မြန်မာ့လယ်ယာသုံးစက်ကိရိယာထုတ်လုပ်ရေးစက်ရုံမှ စက်ရုံမှူး ဦးမျိုးလွင်ဦး၊ ကျောက်ဆည်ခရိုင် စိုက်ပျိုးညှိနှိုင်းရေးအဖွဲ့ဝင်များ၊ မြစ်သားမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရှိန်းသူ၊ မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းအဖွဲ့ဝင်များ၊ ကျောက်ဆည်ခရိုင် အတွင်းရှိ စက်မှုလယ်ယာဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးများနှင့် ဝန်ထမ်းများ၊ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ ဝန်ထမ်းများနှင့် ကျေးရွာ ၅ ရွာမှ ဒေသခံတောင်သူများ စုစုပေါင်း ၃၅ ဦးခန့် စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုစိုက်ပျိုးခဲ့ကြောင်း သိရသည်။

AMD



# ငါးပုစွန်မွေးမြူရေးကဏ္ဍတွင် အီးအမ်၏ အကျိုးသက်ရောက်မှုများ



ဇော်ကြီး(ငါးဦးစီး)

စိုက်ပျိုးရေးတွင် တစ်ဧကအထွက်တိုးနှုန်းနှင့် အရည်အသွေးကောင်းသော သီးနှံများ ထွက်နှုန်းမြင့်မားလာစေရန်လည်းကောင်း၊ မွေးမြူရေးတွင်လည်း ကြီးထွားနှုန်း၊ရှင်သန်နှုန်း၊ဥနှုန်း၊မျိုးပွားနှုန်းများ မြင့်မားလာစေရန်လည်းကောင်း ခေတ်မီသိပ္ပံနည်းကျ နည်းပညာများကို တီထွင်အသုံးပြုလာကြပါသည်။

ပညာရှင်များမှ စိုက်ပျိုးမွေးမြူရေးနည်းစနစ်သစ်အမျိုးမျိုးကို ဖော်ထုတ် အသုံးပြုလာကြသည့်အနက် ၁၉၈၀ ခုနှစ်နောက်ပိုင်း ဂျပန်နိုင်ငံ၊ အိုကီနာဝါတက္ကသိုလ်မှ ပညာရှင် ဒေါက်တာ Higo ရှာဖွေတွေ့ရှိခဲ့သောစိုက်ပျိုးရေးနှင့်မွေးမြူရေးတွင် အရေးပါ အရာရောက်သော E.M (Effective Microorganisms)ခေါ် အကျိုးပြုအဏုဇီဝဘက်တီးရီး ယားများအား အသုံးပြုနည်းစနစ်ကို ဖော်ထုတ်ဖြန့်ဖြူးခဲ့ကြပါသည်။ယခုအခါ ကမ္ဘာတစ်ဝန်းရှိ နိုင်ငံပေါင်းတော်တော်များများ၌ စိုက်ပျိုးမွေးမြူရေးနည်းလုပ်ငန်းများတွင် E.M နည်းပညာကို အသုံးပြုနေကြပြီ ဖြစ်ပါသည်။ မွေးမြူရေးကဏ္ဍ၌ E.M ၏ အကျိုးသက် ရောက်မှုများကို တင်ပြသွားပါမည်။

အီးအမ်(E.M)ကို တိရစ္ဆာန် မွေးမြူရေး၌-

- အစာထဲ၌ အီးအမ်ဘိုကာရှီကို ဖြည့်စွက်အစာအဖြစ် ထည့်သွင်းပေးခြင်း
- အီးအမ်အရည်ကို သောက်ရေထဲ၌ ထည့်သွင်းပေးခြင်း
- အီးအမ်အရည်ကို မွေးမြူရေးခြံအဆောက်အဦ၌ ပက်ဖျန်းပေးခြင်း
- အီးအမ်ဘိုကာရှီ(E.M Bokashi) အား အောက်ကြမ်းခင်းပြင်၌ ဖြူးပေးခြင်း
- စွန့်ထုတ်အညစ်အကြေးများ၌ အနံ့ဆိုးနှင့်ယင်ကောင်များ ဖယ်ရှားရန်အတွက် ထည့်သွင်းခြင်းတို့တွင် အသုံးပြု၍ရပါသည်။

### တိရစ္ဆာန်မွေးမြူရေး၌ အီးအမ်၏အကျိုးသက်ရောက်မှု

- အမိုင်နိုအက်ဆစ်၊ဗီတာမင်နှင့် အင်ဇိုင်းများထုတ်ပေးသဖြင့် အစာချေဖျက်မှုနှင့် စုပ်ယူ မှု ကောင်းမွန်ကာ ကြီးထွားနှုန်း ကောင်းမွန်ခြင်း
- ခုခံစွမ်းရည်(Immunity) မြင့်မားစေသဖြင့် ကျန်းမာရေး ကောင်းမွန်စေခြင်း
- ခြံအဆောက်အဦများ၌ ယင်၊ မှက်၊အင်းဆက်များကို ဖယ်ရှား လျော့နည်းစေခြင်း
- အညစ်အကြေးများ၏ အနံ့ဆိုးများကို ပပျောက်လျော့နည်းစေခြင်း
- နို့ကြက်ဥ၊အသားထုတ်လုပ်မှုနှုန်း မြင့်မားလာစေခြင်းနှင့် မျိုးပွားနှုန်းကောင်းမွန်စေခြင်း
- ပဋိဇီဝဆေးဝါးနှင့် ပိုးသတ်ဆေး လိုအပ်ချက်များကို လျော့နည်းစေခြင်း စသော အကျိုးကျေးဇူးများကို ရရှိစေပါသည်။

ငါးပုစွန်မွေးမြူရေး၌လည်း အဏုဇီဝဘက်တီးရီးယား၏ အခန်းကဏ္ဍမှာ အလွန်အရေးပါ အရာရောက်ကြောင်း တွေ့ရှိရပါသည်။အဏုဇီဝဘက်တီးရီးယားများသည် ငါးပုစွန်မွေးမြူရေးကန်များထဲရှိ နုန်းထုထဲ၌လည်းကောင်း၊ ရေအောက်အပင်နှင့် ကျောက်တုံး၊အရာဝတ္ထုစသည်များ၌ တွယ်ကပ်၍လည်းကောင်း သဘာဝ အလျောက် တွေ့ရှိရပါသည်။ သို့သော် ငါးမွေးမြူရေး၌ ငါးထည့်သွင်းနှုန်း မြင့်မားလာပြီး အစာကျွေးမွေးမြူလာကြသဖြင့် ငါးများ၏ နေ့စဉ်စွန့်ထုတ်အညစ်အကြေးများနှင့် အစာကျန်များသည် ကန်ရေထုညစ်ညမ်းမှုကို ဖြစ်ပေါ်စေပါသည်။

ထို့ပြင် ယင်းကန်အောက်ခြေ၌ အညစ်အကြေးနှင့် နုန်းများ စုပုံလာပြီး သဘာဝအလျောက်ရှိနေသော အကျိုးပြုဘက်တီးရီးယားများ၏ အရေအတွက်ပမာဏဖြင့် ထိန်းသိမ်းနိုင်စွမ်း လျော့နည်းလာခြင်းကြောင့် ဖြစ်ပေါ်လာသော အမိုးနီးယား၊ $H_2S$ ကဲ့သို့သော အဆိပ်အတောက်များနှင့် D.O အောက်စီဂျင်ကျဆင်းမှုတို့သည် ငါးများ၌ ကြီးထွားနှုန်းကျဆင်းခြင်း၊ F.C.R မြင့်တက်ခြင်း၊ မျိုးပွားနှုန်းညံ့ဖျင်းခြင်း၊အသားအရောင်အရည်အသွေးညံ့ခြင်း၊ရာသီဥတုအပြောင်းအလဲ၌ ဖိစီးမှုဒဏ်ကြောင့် ငါးများသေဆုံးခြင်း စသည့်ပြဿနာများကို ဖြစ်စေပါသည်။

ထို့ကြောင့် ပညာရှင်များမှ စီးပွားဖြစ်ငါးပုစွန်မွေးမြူရေးကန်များ၌ အီးအမ်အကျိုးပြုဘက်တီးရီးယားများကို နည်းစနစ်အမျိုးမျိုးဖြင့်ထည့်သွင်းပေးခြင်းဖြင့် အထက်ပါပြဿနာများကို ထိန်းသိမ်းကာကွယ်နိုင်ကြောင်းကို လက်တွေ့စမ်းသပ် တင်ပြကြရာ ယခုအခါ တိရစ္ဆာန်မွေးမြူရေးတွင်သာမက ငါးပုစွန်ကန်တွင်း မွေးမြူရေး၌ပါ အကျိုးရှိစွာ သုံးစွဲနေကြပြီး ဖြစ်ပါသည်။

အီးအမ်(E.M)အကျိုးပြု ဘက်တီးရီးယားအုပ်စုများမှာ-

- -Lactic acid Bacteria
- -Photosynthetic Bacteria
- -Actinomycetes
- -Yeast
- -Aspergillusနှင့်Penicillium Spp:
- -Nitrobacter စသည်တို့

ပါဝင်ကြပြီးငါးပုစွန်မွေးမြူရေးကန်များ၌-

- -E.M Bokashi ဘိုကာရှိ ဖြည့်စွက်အစာကို အစာနှင့်အတူ ထည့်သွင်းကျွေးခြင်း။
- -E.M Inoculant အီးအမ်အားဖြည့်ရည်ကို ကန်ရေထဲသို့ ထည့်သွင်းပေးခြင်း။
- -E.M Disinfectant အီးအမ် ကန်သန့်ဆေးရည်ကို ကန်ရေထဲသို့ ထည့်သွင်းပေးခြင်းဖြင့် ငါးမွေးမြူရေး၌ အောက်ပါအကျိုးသက်ရောက်မှုများကို ရရှိစေပါသည်။

၁။ E.M အကျိုးပြု ဘက်တီးရီးယားများသည် အစာမှတဆင့် အစာအိမ်အူလမ်းကြောင်း သို့ ရောက်ရှိလာပြီး ၄င်းတို့မှထုတ်လုပ်သော Lactic Acid, Acetic acid, Citric acid နှင့် Propionic acid များကြောင့် မကောင်းသောဘက်တီးရီးယားများ၏ ရှင်သန်မှုကို ထိန်းချုပ်ဖယ်ရှားပေးသည်။

၂။ အစာခြေ အင်ဇိုင်းများ၊အမိုင်နိုအက်ဆစ်နှင့် ဗိုက်တာမင်များ ထုတ်လုပ်ပေးသဖြင့် အစာချေဖျက်မှု၊စုပ်ယူမှုနှင့် မကြေညက်နိုင်သော အစာများကို ပြိုကွဲချေဖျက်ပေးမှု စွမ်းရည်ကောင်းလာပြီး အာဟာရဓာတ်များ ပိုမိုရရှိစေကာ ကြီးထွားနှုန်းကို အထောက် အကူပြုပါသည်။

၃။ E.M ဘက်တီးရီးယားများမှ Antioxidant များ ထုတ်ပေးခြင်းကြောင့် ငါးများ၏ ရောဂါခုခံမှုစွမ်းအားတိုးမြင့်စေခြင်းနှင့် စွန့်ထုတ်အညစ်အကြေးများ၌ အမိုးနီးယားပါဝင်နှုန်း လျော့နည်းစေသဖြင့် ရေထုညစ်ညမ်းမှုကို လျော့နည်းစေပါသည်။

၄။ ကန်ရေထဲသို့ အရည်ပုံစံ E.M အားဖြည့်ရည်နှင့် E.M ကန်သန့်ဆေးရည်များကို ပုံမှန် ထည့်သွင်းပေးသောအခါ E.M ဘက်တီးရီးယားများသည် ကန်ရေနှင့် ကန်အောက်ခြေရှိ နုန်းနှင့် အော်ဂဲနစ်အညစ်အကြေးများကို decomposition ပြုလုပ်ပြိုကွဲစေကာ ယင်းထဲမှ နိုက်တြိုဂျင်၊ဖော့စဖောရပ်နှင့် အာဟာရဓာတ်များကို ထုတ်ပေးသဖြင့် ကန်ရေရှိ သဘာဝ အစာ မျော လေး (Plankton) များ ပွားများလာပြီး ရေသြဇာတက်လာစေပါသည်။

၅။ ကန်ရေအညစ်အကြေးများနှင့် ငါးများ၏ ကိုယ်ပေါ်ရှိ ရောဂါဖြစ်စေနိုင်သော ဘက်တီးရီးယား၊ပရိုတိုဇွနှင့် မှိုများကို ဖယ်ရှားရှင်းလင်းစေပါသည်။

စာ-၁၅ သို့